Assistance Association for Political Prisoners (AAPP)

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

Email: info@aappb.org Website: www.aappb.org

# တရားမျှတမှုအတွက် တာဝန်ခံမှု

## မြန်မာနိုင်ငံတွင် စစ်တပ်၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို နိုင်ငံတကာ၏ ပြန်လည်အာရုံစိုက်မှု အရေးတကြီး လိုအပ်ချက်



(မှတ်တမ်းပြုစုသည့် ကာလ- ဇန်နဝါရီလမှ ဒီဇင်ဘာလ ၂၀၂၂)

*နွေဦးတော်လှန်ရေးတွင် အသက်ခန္ဓာနှင့် လွတ်လပ်ခွင့်ကို စတေးခဲ့ကြသော*

*မြန်မာပြည်သူများအား လေးစားဂုဏ်ပြုစွာဖြင့်*

*ဤအစီရင်ခံစာကို ထုတ်ဝေပါသည်။*

ဤအစီရင်ခံစာ မျက်နှာဖုံးဓာတ်ပုံသည် နွေဦးတော်လှန်ရေးတွင် သတ်ဖြတ်ခံခဲ့ရသော ရာနှင့်ချီသည့် နိုင်ငံရေးအကျဉ်းသားများနှင့် ဒီမိုကရေစီလိုလားထောက်ခံသူများ၏ ဓာတ်ပုံများဖြင့် ဖန်တီးထားသော၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်က အင်းစိန်ထောင်တွင် ကွပ်မျက်ခံခဲ့ရသည့် ကျော်မင်းယု (ခေါ်) ကိုဂျင်မီ၏ ဓာတ်ပုံဖြစ်ပါသည်။ ထိုအနုပညာလက်ရာကို Myanmar Accountability Project မှ ပေါ်တူဂီအနုပညာရှင် Paulo Andringa က ဖန်တီးထားခြင်းဖြစ်ပြီး၊ ဓာတ်ပုံများမှာ အေအေပီပီမှ စုဆောင်းထားသောပုံများဖြစ်ပါသည်။

## မာတိကာ


**အမှာစာ ............ 5**

**အစီရင်ခံစာအနှစ်ချုပ် ............ 7**

**အဓိကအကြံပြုချက်များ ............ 8**

**နိဒါန်း ............ 10**

**အစီရင်ခံစာ၏ နယ်ပယ်နှင့် နည်းစနစ်များ ............ 12**

**စစ်တပ်၏လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများ ............ 14**

**ရောမစာချုပ် ပုဒ်မ ၇ (၁)(က) လူသတ်မှု ............ 14**

**ရောမစာချုပ် ပုဒ်မ ၇ (၁)(င) ဖမ်းဆီးအကျဉ်းချမှု သို့မဟုတ် အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုပြင်းထန်စွာဆုံးရှုံးစေမှု ............ 26**

**ရောမစာချုပ် ပုဒ်မ ၇ (၁)(စ) ညှဉ်းပန်းနှိပ်စက်မှု ............ 31**

**ရောမစာချုပ် ပုဒ်မ ၇ (၁)(ဆ) မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ............ 39**

**ရောမစာချုပ် ပုဒ်မ ၇ (၁)(ဇ) ဖိနှိပ်ရက်စက်မှု ............ 42**

**နိဂုံး ............ 49**

**နောက်ဆက်တွဲများ ............ 50**

နောက်ဆက်တွဲ (က) - သတ်ဖြတ်ခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကုဒ်အမည်များ

နောက်ဆက်တွဲ (ခ) - လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းမှု စာရင်း

နောက်ဆက်တွဲ (ဂ) - ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရသော အရပ်သားများနှင့် တွေ့ဆုံမေးမြန်းမှု စာရင်း

နောက်ဆက်တွဲ (ဃ) - လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ လက္ခဏာရပ်များ

နောက်ဆက်တွဲ (င) - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ

**ပုံကားချပ်များ**

AAPP ၏ မှတ်တမ်းစုဆောင်းရေးဌာနမှ အချက်အလက်များကို အောက်ပါ ပုံများနှင့် ဇယားများဖြင့် ဖော်ပြထားပါသည်။

ပုံကားချပ် (၁) - သတ်ဖြတ်ခံရသူ ကျား/မ ဦးရေ (၂၀၂၂)

ပုံကားချပ် (၂) - သတ်ဖြတ်ခံရသူ အသက်အုပ်စု (၂၀၂၂)

ပုံကားချပ် (၃) - သတ်ဖြတ်မှု နည်းလမ်းများ (၂၀၂၂)

ပုံကားချပ် (၄) - စစ်တပ်မှသတ်ဖြတ်ခဲ့သော ဒီမိုကရေစီထောက်ခံသူ လူပုဂ္ဂိုလ်အမျိုးအစား (၂၀၂၂)

ပုံကားချပ် (၅) - ဖမ်းဆီးအကျဉ်းကျမှု ကျား/မ ဦးရေ (၂၀၂၂)

ပုံကားချပ် (၆) - ဖမ်းဆီးအကျဉ်းကျမှု အသက်အုပ်စု (၂၀၂၂)

ပုံကားချပ် (၇) - စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခံရသော ဒီမိုကရေစီထောက်ခံသူ လူပုဂ္ဂိုလ်အမျိုးအစား (၂၀၂၂)

ပုံကားချပ် (၈) - စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းခံခဲ့ရသော လူပုဂ္ဂိုလ်အမျိုးအစားများ (၂၀၂၂)

ပုံကားချပ် (၉) - စစ်တပ်မှ ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်း လအလိုက် အရေအတွက် (၂၀၂၂)

**ဇယားများ**


ဇယား (၁) - ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သတ်ဖြတ်ခံရသူများ (၂၀၂၂)

ဇယား (၂) - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ သတ်ဖြတ်မှုများ
(ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သတ်ဖြတ်မှုပုံစံအမျိုးမျိုးကို ဖော်ပြခြင်း)

ဇယား (၃) - ၂၀၂၂ ခုနှစ်တွင် စစ်တပ်၏ သတ်ဖြတ်မှုများ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြခြင်း)

ဇယား (၄) - ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စစ်တပ်၏ ဖမ်းဆီးအကျဉ်းချမှု ဦးရေ (၂၀၂၂)

ဇယား (၅) - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ဖမ်းဆီးအကျဉ်းကျမှု
(ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖမ်းဆီးအကျဉ်းကျခံရသူများ၏ ပုဂ္ဂိုလ်ရေးနောက်ခံ)

ဇယား (၆) - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျမှုများ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြခြင်း)

ဇယား (၇) - စစ်တပ်အသုံးပြုသော ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများ

ဇယား (၈) - စစ်တပ်သိမ်းဆည်းခဲ့သော ပိုင်ဆိုင်မှု အမျိုးအစားများ (၂၀၂၂)

ဇယား (၉) - ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စစ်တပ်မှ ပိုင်ဆိုင်မှုများသိမ်းဆည်းခံခဲ့ရသူဦးရေ (၂၀၂၂)

ဇယား (၁၀) - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ
(ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပိုင်ရှင်အမျိုးအစားများ)

ဇယား (၁၁) - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ
(ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြမှု)

ဇယား (၁၂) - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ

**အမှာစာ**

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ ရှေ့တန်းစစ်မျက်နှာများတွင် စစ်တပ်မှ အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကြသည်။ မိသားစုများကို စစ်သားများက မီးရှို့သတ်ဖြတ်ခဲ့ကြသည်။ ထွက်ပြေးရန် ကြိုးပမ်းစဉ်ရွာသားများကို စစ်သားများနှင့် စစ်တပ်ထောက်ခံသော ပြည်သူ့စစ်များက နောက်ကျောကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ ကျေးရွာများပေါ်သို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ကလေးငယ်များ သေဆုံးကြရသည်။ အမျိုးသားများနှင့် အမျိုးသမီးများမှာ စစ်တပ်၏ချုပ်နှောင်ခံထားရချိန် သေဆုံးသည်အထိ နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ ထုတ်ပြန်လိုက်သော ***"တရားမျှတမှုအတွက် တာဝန်ခံမှု- မြန်မာနိုင်ငံတွင် စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို နိုင်ငံတကာ၏ ပြန်လည်အာရုံစိုက်မှု အရေးတကြီးလိုအပ်ချက်"*** အစီရင်ခံစာကို အလွန်စိတ်ထိခိုက်စွာဖြင့် ဖတ်ရှုခဲ့ရပါသည်။ ထိုအစီရင်ခံစာသည် ၂၀၂၂ ခုနှစ် တလျှောက်လုံး မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ပုံဖော်ထားပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးကတည်းက နိုင်ငံတဝှမ်းတွင် သန်နှင့်ချီသော ပြည်သူများသည် လမ်းမများပေါ်ထွက်ကာ ၎င်းတို့၏ဆန္ဒမဲများကို ကာကွယ်ရန်နှင့် ဒီမိုကရေစီအရပ် သားအစိုးရတစ်ရပ်ထူထောင်ရန် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြပါသည်။ ယနေ့အချိန်ထိ စစ်တပ်နှင့်သူ၏ လက်ပါးစေများ၏ သတ်ဖြတ်ခဲ့ ခြင်းကြောင့် လူဦးရေ ၃,၀၀၀ ကျော် သေဆုံးပြီး၊ လူပေါင်း ၁၉၀၀၀ ကျော်အား တရားဥပဒေမဲ့ဖမ်းဆီးခဲ့ခြင်းကို အေအေပီပီက မှတ်တမ်းတင်ထားပါသည်။

အာဏာသိမ်းပြီးကတည်းက စစ်တပ်၏မတရားဖမ်းဆီးမှုနှင့် သတ်ဖြတ်မှုဆိုင်ရာ အေအေပီပီမှ စုဆောင်းပြုစုထားသော အချက်အလက်များကို အစိုးရများ၊ ကုလသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် ကိုးကားဖော်ပြကြပါသည်။ ၎င်းတို့၏ ရာဇဝတ်မှုများကိုဖုံးကွယ်ရန် စစ်တပ်၏ ကြိုးပမ်းအားထုတ်မှုများကို ထည့်သွင်းစဉ်းစားလျှင် အေအေပီပီ၏ ကြိုးပမ်းအားထုတ်မှုမှာ အထူးသိသာထင်ရှားလှပါသည်။

ဤအစီရင်ခံစာအသစ်သည် ကိန်းဂဏန်းများကိုဖော်ပြခြင်းထက် ကျော်လွန်ပြီး သတ်ဖြတ်ခံရသူများ၏ အမည်များ၊ နေ့စွဲများ၊ နေရာများ၊ သတ်ဖြတ်မှုအခြေအနေများနှင့် အခြားအခွင့်အရေး ချိုးဖောက်မှုများကို ဖော်ပြထားပါသည်။

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို နိုင်ငံတကာဥပဒေအရ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုများအဖြစ် သတ်မှတ်ထားပါသည်။ ဤအစီရင်ခံစာတွင် သီးသန့်မှတ်တမ်းတင်ထားသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများထဲမှ လူသတ်မှု၊ ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဖိနှိပ်ရက်စက်မှုစသည်တို့အပြင် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်မှုများပါဝင်သည်။

နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) ၏ ရောမစာချုပ်အောက်တွင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများသည် အရပ်သားများကို ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်းအဖြစ် သိလျက်နှင့်ကျူးလွန်သော ကြီးလေးသောပြစ်မှုအဖြစ် တိတိကျကျသတ်မှတ်ထားပါသည်။ "ကျယ်ပြန့်သော" ဆိုသည်မှာ လုပ်ရပ်များ၏အတိုင်းအတာ သို့မဟုတ် ကျူးလွန်ခံရသူအရေအတွက်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ "စနစ်တကျ" တိုက်ခိုက်မှုဆိုသည်မှာ ပုံသဏ္ဌာန်ကျ သို့မဟုတ် နည်းစနစ်တကျ အစီအစဉ်တစ်ခုကို ရည်ညွှန်းခြင်း ဖြစ်သည်။ အေအေပီပီ၏ အချက်အလက်များက အဆိုပါရာဇဝတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဆက်လက်ဖြစ်ပွားနေသည်ကို ဖော်ပြနေပါသည်။

Human Rights Watch နှင့် အေအေပီပီတို့သည် မြန်မာစစ်တပ်၏ လုပ်ရပ်များအတွက် တာဝန်ခံမှုရှိလာစေရန် ရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် ကာလကြာရှည်စွာ အတူတကွလုပ်ဆောင်ခဲ့ပါသည်။ အေအေပီပီကို ပူးတွဲတည်ထောင်သူနှင့် တွဲဖက်အတွင်းရေးမှူးဖြစ်သူ ကိုဘိုကြည်ကို Human Rights Watch ၏ Alison Des Forges Award အား ၂၀၀၈ ခုနှစ် နယူးယောက်မြို့၌ သူလက်ခံရယူစဉ် ပထမဆုံးတွေ့ဆုံခဲ့ပါသည်။ ထိုဆုက မိမိ၏အသက်အန္တရာယ်ကိုပင် စွန့်စားပြီး အခြားသူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသော လူပုဂ္ဂိုလ်များ၏ ရဲစွမ်းသတ္တိကို ဂုဏ်ပြုသောဆု ဖြစ်ပါသည်။ ထိုအချိန်ကတည်းက ကျွန်ုပ်တို့အတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြပါသည်။ ပထမပိုင်းမှာ တံခါးပိတ်ထားသော မြန်မာနိုင်ငံထဲမှ နိုင်ငံ

ရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဖိအားပေးခဲ့ကြပြီး၊ နောက်ပိုင်းတွင် အရပ်သားအစိုးရခေါင်းဆောင်မှုအောက် အခိုက်အတန့်ရရှိခဲ့သော မြန်မာနိုင်ငံတွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဖိနှိပ်သောဥပဒေများ ဖယ်ရှားရေးအတွက် အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ အာဏာသိမ်းပြီးကတည်းက စစ်တပ်၏ အရပ်သားလူထုအပေါ် ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ရာတွင် အခြားသောအချက်အလက်များနှင့် အပြန်အလှန်စစ်ဆေးရာ၌ အေအေပီပီသည် တန်ဖိုးမဖြတ်နိုင်သော သတင်းအရင်းအမြစ်တစ်ခု ဖြစ်လာခဲ့ပါသည်။

ဤအစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် စစ်တပ်၏ သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၁,၂၅၀ ဦး အနက် ထက်ဝက်နီးပါးသည် စစ်တပ်လုံခြုံရေးတပ်ဖွဲ့များ၏ တရားဥပဒေပြင်ပ သတ်ဖြတ်မှုများ သို့မဟုတ် အကျဉ်းထောင်တွင်း သို့မဟုတ် အခြားထိန်းသိမ်းရေးစခန်းများတွင် သေဆုံးမှုများ ဖြစ်ခဲ့ပါသည်။

လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်နေခြင်း ရှိ၊ မရှိ ဆိုသည်ကို သိရှိနိုင်ရေး အရေးကိစ္စလုံးဝ မဟုတ်တော့ပါ။ ယခု မေးခွန်းထုတ်ရမည်မှာ ကျူးလွန်သူများကို တာဝန်ခံမှုရှိလာစေရန် မည်သည့်နည်းဖြင့် အရေးယူနိုင်မလဲ ဆိုသည့်အချက်ဖြစ်ပါသည်။

အေအေပီပီသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ လုပ်သင့်သည့်အရာကို ရှင်းလင်းပြတ်သားစွာ အကြံပြုထားပါသည်။ ယင်းမှာ ၂၀၁၇ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ရိုဟင်ဂျာ ၇၄၀,၀၀၀ ကျော်ကို အတင်းအကြပ်မောင်းထုတ်ခဲ့သည့် ဖြစ်ရပ်နှင့်စပ်လျဉ်းသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကိုသာ စုံစမ်းစစ်ဆေးရန် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ လက်ရှိစုံစမ်းစစ်ဆေးမှုများသာမက မြန်မာနိုင်ငံကျူးလွန်သူ ထိပ်ပိုင်းတာဝန်ရှိသူများကို ICC သို့ လွှဲပြောင်းရေး အစိုးရများက ထောက်ခံပံ့ပိုးရန်ပါဝင်သည်။ မြန်မာနိုင်ငံသည် ICC ကို တည်ထောင်သည့် ရောမစာချုပ်အဖွဲ့ဝင်နိုင်ငံ မဟုတ်သောကြောင့် မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကသာလျှင် ICC သို့ လွှဲပြောင်းပေးနိုင်သည်။

အစီရင်ခံစာတွင် စစ်တပ်အရာရှိများအပေါ် နိုင်ငံတကာအစိုးရများမှ ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် ပစ်မှတ်ထားပိတ်ဆို့ အရေးယူမှုများပြုလုပ်ရန် တောင်းဆိုထားသည်။ အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို အရေးယူအပြစ်ပေးနိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် (Universal Jurisdiction) ကျင့်သုံးခြင်းကို အထောက်အကူပြုသည့် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရန် တောင်းဆိုထားသည်။

မြန်မာပြည်သူများ ကြုံတွေ့ခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှု အတိုင်းအတာနှင့် အတိမ်အနက်ကို ထည့်သွင်းစဉ်းစားလျှင် ကျူးလွန်ခံရသူများအတွက် တရားဥပဒေအရ အရေးယူမှုရှိလာစေရန်နှင့် တာဝန်ခံမှုရှိလာစေရန် နိုင်ငံတကာမှ သက်ဆိုင်ရာအစိုးရများသည် ပေါင်းစပ်ညှိနှိုင်းပြီး ပြင်းထန်သော အရေးယူမှုပြုလုပ်ရန် အလွန်အရေးတကြီး လိုအပ်လျက်ရှိပါသည်။

**Elaine Pearson**

Executive Director, Asia Division

Human Rights Watch

## အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာတွင် အေအေပီပီသည် မအောင်မြင်သော စစ်အာဏာသိမ်းမှုဖြစ်ပွားချိန်မှစ၍ မြန်မာနိုင်ငံတွင် စစ်တပ်[1] ၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများဆိုင်ရာ အထောက်အထားများကို ၂၀၂၂ ခုနှစ်အတွင်းဖြစ်ရပ်များကို အဓိကထား အသေးစိတ်ဖော်ပြထားသည်။ ဤအစီရင်ခံစာသည် အေအေပီပီက ယခင်ထုတ်ပြန်ခဲ့သော **"အကြမ်းဖက်စစ်အုပ်စု တာဝန်ခံရမည့် ရာဇဝတ်မှုခင်းများ"** အစီရင်ခံစာ၏ နောက်ဆက်တွဲဖြစ်ပါသည်။ ဤအစီရင်ခံစာပါ သက်သေအထောက်အထားများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့၊ ဆက်လက်ကျူးလွန်နေဆဲ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဆိုင်ရာ "မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား" (IIMM) ၏ တွေ့ရှိချက်များကို ထောက်ခံပံ့ပိုးထားခြင်းဖြစ်သည်။[2] ဤအစီရင်ခံစာနှင့်အတူ အေအေပီပီအနေဖြင့် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာရှိသော နေရာများကဲ့သို့သော နိုင်ငံတကာတရားစီရင်ရေး ယန္တရားများမှ တဆင့် စစ်တပ်သည် ၎င်းတို့ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရန် နိုင်ငံတကာအသိုင်းအဝန်းမှ ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိကြောင်းတောင်းဆိုပါသည်။ စစ်တပ်၏ရာဇဝတ်မှုကျူးလွန်မှုများကို ခံစားနေရသော မြန်မာပြည်သူများသည် တိုင်းပြည်အတွင်း ပဋိပက္ခများနှင့် အစုလိုက်အပြုံလိုက် ရက်စက်စွာသတ်ဖြတ်မှုများ အဖန်တလဲလဲဖြစ်ပွားနေခြင်းကို ဟန့်တားရန်နှင့် ကျူးလွန်သူများ တာဝန်ခံမှုရှိစေရန်အတွက် နိုင်ငံတကာ၏ပံ့ပိုးကူညီမှုကို အလိုရှိနေပါသည်။

စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို သက်သေပြရန်အတွက် ဤအစီရင်ခံစာကို ထိုရာဇဝတ်မှုများ အတွက် နိုင်ငံတကာစံနှုန်းများ သတ်မှတ်ထားသော ရောမစာချုပ်၏ ပုဒ်မ ၇ (၁) ၏ ပုဒ်မခွဲများအောက်တွင် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ အထူးသဖြင့် ဤအစီရင်ခံစာသည် စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများထဲက လူသတ်မှု၊ ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ဖိနှိပ်ရက်စက်မှုများနှင့် စပ်လျဉ်းသည့် အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို တင်ပြထားပါသည်။ ကိန်းဂဏန်းအချက်အလက်များအားလုံးသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်သည်။

**ပုဒ်မ ၇ (၁)(က) လူသတ်မှု -** ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ် (၁၄၅) ခုမှ ဒီမိုကရေစီအရေး ထောက်ခံသူပေါင်း **(၁,၂၅၀)** ဦး ကို သတ်ဖြတ်ခဲ့သည်။ ၎င်းတို့ အနက်မှ (၄၀) ရာခိုင်နှုန်းခန့်ကို ဖမ်းဆီးထိန်းသိမ်းစဉ် စစ်တပ်က သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စစ်တပ်သည် အရပ်သားများကို ပစ်ခတ်သတ်ဖြတ်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲ ပစ်ခတ်သတ်ဖြတ်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

**ပုဒ်မ ၇ (၁)(င) ဖမ်းဆီးအကျဉ်းကျမှု -** ၂၀၂၂ ခုနှစ်တွင် စစ်တပ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ် (၂၆၂) ခုမှ ဒီမိုကရေစီအရေး ထောက်ခံသူပေါင်း **(၃,၇၃၈)** ဦးကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူအများစုမှာ အရပ်သားများဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ကတည်းက ဒီမိုကရေစီအရေး ထောက်ခံသူ စုစုပေါင်း (၁၆,၇၀၄) ဦးကို စစ်တပ်က ဖမ်းဆီးအကျဉ်းချထားခဲ့ပြီး၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ (၁၃,၂၁၇) ဦး မှာ ဖမ်းဆီးအကျဉ်းကျခံနေရဆဲဖြစ်သည်။

**ပုဒ်မ ၇ (၁)(စ) ညှဉ်းပန်းနှိပ်စက်မှု -** လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား **(၁၈)** ဦးနှင့် တွေ့ဆုံမေးမြန်းမှုများမှတဆင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများအပေါ် စစ်တပ်၏ ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများအား အေအေပီပီက ဖော်ထုတ်နိုင်ခဲ့သည်။ ဖမ်းဆီးချုပ်နှောင်ခံထားစဉ် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးရသူ **(၄၅)** ဦးကိုလည်း အေအေပီပီက မှတ်တမ်းတင်ခဲ့သည်။ စစ်တပ်၏ ညှဉ်းပန်း

[1] "စစ်တပ်" ဆိုသည်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က မအောင်မြင်သော အာဏာသိမ်းမှုကို ကျူးလွန်ခဲ့သော မြန်မာစစ်တပ်နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ များအားလုံးကို ရည်ညွှန်းပါသည်။ ဤအစီရင်ခံစာတွင် စစ်တပ် သို့မဟုတ် လက်နက်ကိုင်အုပ်စုဟု သုံးနှုန်းရခြင်းမှာ စစ်တပ်သည် ဂုဏ်သိက္ခာရှိသော "တပ်မတော်" ဆို သည့် အသုံးအနှုန်းနှင့် လုံးဝ ထိုက်တန်ခြင်းမရှိတော့ဘဲ ၎င်း၏ အခွင့်အာဏာကို အလွဲသုံးစားပြုပြီး၊ ပြည်သူကို အကာအကွယ်ပေးရမည့် မူလတာဝန်ကို စွန့်လွှတ်ခဲ့၍ ဖြစ်သည်။

[2] Rep. of the Indep. Investigative Mechanism for Myan., para. 30, U.N. Doc. A/HRC/48/18 (2021) [hereinafter IIMM 2021 Report]; Rep. of the Indep. Investigative Mechanism for Myan., para. 7, U.N. Doc. A/HRC/51/4 (2022) [hereinafter IIMM 2022 Report].

နှိပ်စက်မှု နည်းလမ်းများထဲ အခြားနည်းလမ်းများအပြင် ပြင်းထန်သောရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အစားအစာနှင့် ရေဖြတ်တောက်ထားမှု၊ အိပ်စက်ခွင့်မပေးခြင်းတို့ပါဝင်သည်။

**ပုဒ်မ ၇ (၁)(ဆ) မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** - စစ်တပ်၏ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖော်ထုတ်တင်ပြနိုင်မှု အလွန်နည်းပါးနေသည်။ ၂၀၂၂ ခုနှစ်တွင် လူသတ်မှုနှင့် ဆက်စပ်သော မုဒိမ်းမှု **(၁၁)** မှု ဖြစ်ပွားခဲ့ပြီး၊ အဓိကအားဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည်။ အေအေပီပီသည် စစ်ဘက်ဆိုင်ရာ စစ်ကြောရေးစခန်းများတွင် အရပ်သားများအပေါ် နှုတ် သို့မဟုတ် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းအပါအဝင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို မှတ်တမ်းပြုစုခဲ့သည်။

**ပုဒ်မ ၇ (၁)(ဇ) ဖိနှိပ်ရက်စက်မှု** - နိုင်ငံတစ်ဝှမ်းတွင် စစ်တပ်သည် ဒီမိုကရေစီအရေးထောက်ခံသူများ၏ ပိုင်ဆိုင်မှုများကို တရားဥပဒေမဲ့ သိမ်းဆည်းနေခြင်းသည် ဖိနှိပ်ရက်စက်မှု ကျူးလွန်ရာမြောက်သည်။ ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်သည် မြို့နယ်ပေါင်း (၁၃၂) မြို့နယ်ရှိ ဒီမိုကရေစီအရေးထောက်ခံသူ ပေါင်း **(၄၁၉)** ဦးထံမှ နေအိမ် အဆောက်အဦနှင့် အကြီးစားပစ္စည်းစသည့် ပိုင်ဆိုင်မှုပေါင်း **(၅၃၄)** ခုကို သိမ်းဆည်းခဲ့သည်။ စစ်တပ်၏သိမ်းဆည်းမှုများထဲ အိမ်ပေါင်း (၄၃၅) လုံး ပါဝင်သည်။ အေအေပီပီ၏ မှတ်တမ်းများအရ ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်းသည် အရပ်သားတစ်ဦးအား ဒီမိုကရေစီအရေးလှုပ်ရှားမှုကို အမှန်တကယ်ထောက်ခံသော သို့မဟုတ် ထောက်ခံသည်ဟု ယူဆပြီး ဖမ်းဆီးထိန်းသိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် ဖမ်းဆီးမှုနှင့် ဆက်စပ်နေသည်။

## အဓိကအကြံပြုချက်များ

ဤအစီရင်ခံစာတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း စစ်တပ်သည် မြန်မာနိုင်ငံအနှံ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကျူးလွန်ခဲ့ပြီး၊ ဆက်လက်ကျူးလွန်နေကြောင်း တနေ့တခြားတိုးပွားနေသော သက်သေအထောက်အထားများက ရည်ညွှန်းလျက်ရှိပါသည်။ ဤအထောက်အထားများအရ အေအေပီပီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများကို အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာစေရန် ပြတ်သားသောအရေးယူဆောင်ရွက်မှု ချက်ချင်းလုပ်ဆောင်ရန်နှင့် မြန်မာပြည်သူပြည်သားများအတွက် တရားမျှတမှုနှင့် ကူညီထောက်ပံ့မှုများပေးအပ်ရန် တောင်းဆိုပါသည်။ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- အေအေပီပီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သောနိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် IIMM အား ဆက်လက်ပံ့ပိုးကူညီရန် တောင်းဆိုပါသည်။ စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရန် လုပ်ဆောင်ရာတွင် ၎င်း၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် IIMM ကို သင့်လျော်သောအရင်းအမြစ်များကို ပံ့ပိုးပေးရမည် ဖြစ်သည်။
    - အထူးသဖြင့် ကုလသမဂ္ဂ ပဉ္စမကော်မတီနှင့် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မေးခွန်းများ အကြံပေးကော်မတီအနေဖြင့် IIMM အတွက် လုံလောက်သည့် ပမာဏရှိသော ရံပုံငွေကို အဆိုပြုရန်နှင့် အထွေထွေညီလာခံမှ အတည်ပြုရန် အေအေပီပီက တောင်းဆိုသည်။
- ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကြေညာချက်ကို ICC က လက်ခံရန် ထပ်မံအကြံပြုချက်နှင့်အတူ ICC အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံ၏ အခြေအနေကို ICC ခုံရုံးသို့ လွှဲအပ်ရန် အေအေပီပီက တောင်းဆိုသည်။
- မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား စစ်တပ်၏ နိုင်ငံတစ်ဝှမ်းရှိ အရပ်သားများ၏ ပိုင်ဆိုင်မှုများသိမ်းဆည်းနေခြင်းအပေါ် ပိုမိုအနီးကပ်စောင့်ကြည့်လာစေရန်နှင့် နိုင်ငံတကာက အာရုံစိုက်မှုရှိလာစေရန် ဆောင်ရွက်ရန် အေအေပီပီက တောင်းဆိုသည်။

- စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို တရားစီရင်နိုင်ရန်နှင့် မြန်မာနိုင်ငံအနှံ့ နစ်နာဆုံးရှုံးသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမျှတမှုရရှိရေးလမ်းကြောင်းတစ်ခု ပံ့ပိုးပေးရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများက အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပေးရန် အေအေပီပီက တောင်းဆိုသည်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)[3] အဖွဲ့ဝင်များအားလုံးနှင့် အခြားကျူးလွန်မှု ထင်ရှားသော စစ်တပ်အရာရှိများအပေါ် ပစ်မှတ်ထား အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ချက်ချင်းချမှတ်ရန် အစိုးရများကို အေအေပီပီက တောင်းဆိုသည်။
  - အထူးသဖြင့် စစ်တပ်အဖွဲ့ဝင်အားလုံးနှင့် အခြားကျူးလွန်မှုထင်ရှားသော စစ်တပ်အရာရှိများအပေါ် Global Magnitsky အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများအား အမေရိကန်အစိုးရက ချမှတ်ရန် အေအေပီပီက တောင်းဆိုသည်။
- မြန်မာနိုင်ငံတွင်းရှိနေသေးသူများနှင့် နိုင်ငံမှထွက်ပြေးတိမ်းရှောင်လာသူများအပါအဝင် စစ်တပ်၏အကြမ်းဖက်မှုများမှ ရှင်သန်ကျန်ရစ်သူများနှင့် နစ်နာဆုံးရှုံးရသူများအတွက် စိတ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့၊ အခြားသော ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် ဆုံးရှုံးခဲ့ရမှုများအတွက် ကြားကာလထောက်ပံ့ကူညီမှုများ ပြုလုပ်နိုင်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံလောက်သော အရင်းအမြစ်များ ထောက်ပံ့ရန် အေအေပီပီက တောင်းဆိုသည်။

[3] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များစာရင်းကို နောက်ဆက်တွဲ (င) တွင် ဖော်ပြ ထားသည်။

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ စတင်ခဲ့သော မအောင်မြင်သည့် စစ်တပ်၏အာဏာသိမ်းမှုသည် (၂) နှစ် ရှိပြီဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုများက တနိုင်ငံလုံးနီးပါးလုပ်ငန်းယန္တရားများ ရပ်တန့်သွားသည့်အခါ စစ်တပ်၏တုံ့ပြန်မှုက ရက်စက်ကြမ်းကြုတ်ပြီး ခွဲခြားမှုမရှိသော အကြမ်းဖက်မှုများ လုပ်ဆောင်လာခဲ့သည်။ ထိုအချိန်မှစ၍ စစ်တပ်သည် ကျေးရွာများကို လုယက်မီးရှို့ဖျက်ဆီးခဲ့သည်။ ထောင်ပေါင်းများစွာသော အပြစ်မဲ့အရပ်သားပြည်သူများကို မတရားဖမ်းဆီးချုပ်နှောင်ခဲ့ပြီး၊ ထိုသူများကို သေသည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အရပ်သားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်။ ရာထောင်နှင့်ချီသော နေအိမ်များကို သိမ်းဆည်းခဲ့သည်။ ယနေ့ထိတိုင် စစ်တပ်သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေပြီး၊ အရေးယူအပြစ်ပေးခြင်း မခံရသေးပါ။ ယင်းပြစ်မှုများ၏ သက်သေအထောက်အထားများမှာ များသထက်များလာပါသည်။[4] တချိန်တည်းမှာပင် နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သော အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) နှင့် စစ်တပ်မှစစ်သည်များ ပြည်သူဘက်သို့ ဘက်ပြောင်းလာရေးလှုပ်ရှားမှု စသည့်နည်းအမျိုးမျိုးမှတဆင့် မြန်မာပြည်သူများသည် စစ်တပ်၏ ဆက်တိုက်ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်မှုများကို ဆန့်ကျင်တွန်းလှန်လျက်ရှိသည်။

### လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအား အေအေပီပီမှ မှတ်တမ်းပြုလေ့လာချက်

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) က မြန်မာနိုင်ငံ၌ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်းကို ဒုတိယအကြိမ်[5] ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ၏ ပမာဏနှင့် အသွင်လက္ခဏာသည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှု သဘောဆောင်လျက်ရှိသည်။ လက်ခံရရှိထားသော အထောက်အထားများအရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဖြစ်သည့် လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ နိုင်ငံအတွင်းမှ နှင်ထုတ်မှုနှင့် အတင်းအကျပ် လွှဲပြောင်းပေးမှု၊ မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ဖိနှိပ်ရက်စက်မှုနှင့် ဖမ်းဆီးအကျဉ်းချမှုတို့ကို ကျူးလွန်ခဲ့သည်။[6]

ထို့အပြင် အဆိုပါရာဇဝတ်မှုများကို ရန်ကုန်၊ နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့အပြင် “ချင်း၊ ကရင်နှင့် ကယားပြည်နယ်များနှင့် အခြားအရပ်ဒေသတို့တွင်” ကျူးလွန်ခဲ့၊ ဆက်လက်ကျူးလွန်နေဆဲဖြစ်ကြောင်း ယုံကြည်ရလောက်သော အစီရင်ခံစာများတွင် ဖော်ပြထားကြောင်း IIMM က ဖော်ပြခဲ့ပါသည်။[7]

အဆိုပါကောက်ချက်များအတိုင်း စစ်တပ်က ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများဖြစ်သည့် လူသတ်မှု၊ ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ဖိနှိပ်ရက်စက်မှုများနှင့် ပတ်သက်သော အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့အပြင် အေအေပီပီ၏ အချက်အလက်များသည် IIMM မှ ဖော်ထုတ်ထားသည့် တိုင်းဒေသကြီးကိုးခုနှင့် ပြည်နယ်များအပြင် ကျန်ရှိသော တိုင်းဒေသကြီး/ပြည်နယ် ငါးခုနှင့် နေပြည်တော်တို့မှ ရရှိထားခြင်းဖြစ်သည်။ ထို့နည်းအတိုင်း ဤအစီရင်ခံစာက IIMM ၏တွေ့ရှိချက်များအပေါ် ယုံကြည်စိတ်ချရမှုကို ထပ်မံဖြစ်ပေါ်စေရုံမျှမက ထိုရာဇဝတ်မှုများ၏ လူသားအပေါ်အကျိုးသက်ရောက်မှုများနှင့် စပ်

---

[4] Nicholas Koumjian, *Statement to the Human Rights Council*, INDEP. INVESTIGATIVE MECHANISM FOR MYAN. (Sept. 12, 2022), https://iimm.un.org/statement-to-the-human-rights-council-by-nicholas-koumjian-head-of-the-independent-investigative-mechanism-for-myanmar-on-the-51st-regular-session-of-the-human-rights-council/ (“Since the military coup in February last year, there is increasing evidence of crimes against humanity and war crimes, including murder, torture, deportation and forcible transfer, persecution, imprisonment, and targeting of the civilian population. . . . . [the Mechanism] had collected and processed almost three million information items from more than 200 sources, including interview statements, documentation, videos, photographs, geospatial imagery, and social media material—more than double what we reported last year.”).

[5] For the IIMM’s first statement about crimes against humanity occurring in Burma after the failed coup, see IIMM 2021 Report, *supra* note 2, para. 30 (“The Mechanism’s preliminary analysis of collected information concerning events in Myanmar since the 1 February 2021 military coup indicates that crimes against humanity falling within the Mechanism’s mandate, including murder, persecution, imprisonment, sexual violence, enforced disappearance and torture, have likely been committed.”).

[6] IIMM 2022 Report, *supra* note 2, para. 7 (emphasis added).

[7] *Id.*

လျှဉ်း၍ ရွေးချယ်ထားသော ကျူးလွန်ခံရသူတစ်ဦးချင်းစီ၏ ဖြစ်စဉ်မှတ်တမ်းကိုပါ ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ ဤအထောက်အထားများကို ဖော်ပြရာတွင် အေအေပီပီသည် ICC မှ ကျင့်သုံးလျက်ရှိသော ရောမစာချုပ် အပိုဒ် ၇ (၁) အရ ဤအစီရင်ခံစာကို ဖွဲ့စည်းထားပြီး၊ နိုင်ငံတကာမှ အသိအမှတ်ပြု နားလည်လက်ခံထားသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ဖော်ပြထားပါသည်။ အောက်တွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်ကို ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှု ရှိလာစေရန် အခြားနည်းလမ်းများလည်း ရှိနိုင်ပါသေးသည်။

## စစ်တပ်၏ ရာဇဝတ်မှုများအတွက် နိုင်ငံတကာ တာဝန်ခံမှုကို ရှာဖွေခြင်း

စစ်တပ်နှင့် စစ်တပ်က ခန့်အပ်ထားသော စစ်တပ် (SAC) ကို ICC နှင့် အခြားသော နိုင်ငံတကာ တရားစီရင်ရေးယန္တရားများဖြင့် အရေးယူနိုင်ရန် မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားပြု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ကြိုးပမ်းအားထုတ်ခဲ့သည်။[8] ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်သော ICC ၏ တရားစီရင်ပိုင်ခွင့်အာဏာကို NUG လက်ခံကြောင်း ၂၀၂၁ ခုနှစ်တွင် ကြေညာခဲ့သော်လည်း၊ ICC သည် NUG ၏ကြေညာချက်ကို လက်ခံရရှိကြောင်း အသိအမှတ်ပြုခဲ့ခြင်းမှလွဲ၍ နောက်ထပ်အရေးယူဆောင်ရွက်မှု တစ်စုံတရာမပြုခဲ့ပါ။[9] ICC ၏ စီရင်ပိုင်ခွင့်ကို လက်ခံခြင်းအပြင် ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် စစ်တပ်က တာဝန်ခံမှုရှိစေရန် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် စည်းမျဉ်းဥပဒေသကို လက်ခံကျင့်သုံးသော နိုင်ငံများရှိ ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုမှုများကိုလည်း NUG က ထောက်ခံထားပြီး ဖြစ်သည်။[10]

အထူးသဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော အရပ်သားများအပေါ် အကြမ်းဖက်မှုများကို အသိအမှတ်ပြုပြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) ၏ ပထမဆုံး ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို ချမှတ်ခြင်းဖြင့် အရေးပါသော ခြေလှမ်းတစ်ရပ်ကို စတင်လှမ်းခဲ့သည်။[11] ထိုဆုံးဖြတ်ချက်တွင် "နိုင်ငံတစ်ဝှမ်း အကြမ်းဖက်မှုပုံစံ အားလုံး၊ အရပ်သားများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် စွမ်းအင်ဆိုင်ရာ အဆောက်အအုံများ အပါအဝင် အရပ်ဘက်အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာ ပိုင်ဆိုင်မှုများအပေါ် တိုက်ခိုက်မှုများအပေါ် အလေးအနက် စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။"[12] UNSC မှ အသိအမှတ်ပြုမှုသည် စစ်တပ်၏ ရာဇဝတ်မှုများအတွက် နိုင်ငံတကာမှ တာဝန်ခံမှုဆီသို့ အဓိပ္ပါယ်ရှိသောခြေလှမ်းတစ်ခု ဖြစ်စေနိုင်သော်လည်း၊ အဆိုပါ ဆုံးဖြတ်ချက်သည် စစ်ကိုင်းနှင့် မကွေး တိုင်းဒေသကြီးများ၊ ချင်းပြည်နယ်နှင့် အခြားအရပ်ဒေသများရှိ ကျေးရွာများနှင့် မြို့များကို လုံးလုံးလျားလျား ပျက်စီးစေသည့် စစ်တပ်၏ မြေလှန်မီးရှို့နည်းလမ်းကို အတိအလင်း ဖော်ပြရန် ပျက်ကွက်ခဲ့သည်။[13]

ထိုနည်းတူစွာပင် မြန်မာပြည်သူလူထုအား ပံ့ပိုးကူညီရန်နှင့် တာဝန်ခံမှုရှိစေရန် ကြိုးပမ်းမှုများတွင်၊ မြန်မာနိုင်ငံရှိ အရပ်သားများအပေါ်တွင် စစ်တပ်၏ မရပ်မနား အကြမ်းဖက်နေသော လူမဆန်သည့် နည်းလမ်းများကို နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုပြည့်စုံကျယ်ပြန့်စွာ နားလည်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာသည် စစ်တပ်က ကျူးလွန်နေသော ရာဇဝတ်မှုများ၏ အတိုင်းအတာနှင့် ပတ်သက်၍ ပိုမိုရှင်းလင်း တိကျပြတ်သားစွာ အသေးစိတ် ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် အေအေပီပီ ၏ ၂၀၂၂

8 National Unity Government Myanmar (@NUGMyanmar), TWITTER, (Aug. 20, 2021, 10:33 PM) https://twitter.com/NUGMyanmar/status/1428739347717648389; Ministry of Human Rights, *Statement on International Jurisdiction*, NATIONAL UNITY GOVERNMENT (Jan. 28, 2022), https://gov.nugmyanmar.org/2023/01/28/statement-on-international-jurisdiction/.

9 National Unity Government Myanmar, *supra* note 8. *See generally* SPECIAL ADVISORY COUNCIL FOR MYANMAR, BRIEFING PAPER: MYANMAR AND THE INTERNATIONAL CRIMINAL COURT 5-7 (2022), https://specialadvisorycouncil.org/wp-content/uploads/2022/12/SAC-M-Briefing-Paper-ICC-ENGLISH-1.pdf [hereinafter SAC-M BRIEFING PAPER] (describing three paths to ICC jurisdiction over the situation in Burma, namely a declaration by Burma referring the situation to the ICC, a referral by State Parties of the Rome Statute, or a referral by the UNSC); John Dugard et al., *The ICC Must Engage with Myanmar's Democratic Government and Hold the Junta to Account*, THE DIPLOMAT (Aug. 17, 2022), https://thediplomat.com/2022/08/the-icc-must-engage-with-myanmars-democratic-government-and-hold-the-junta-to-account/.

10 Ministry of Human Rights, *supra* note 8. *See generally* Priya Pillai, *Myanmar and the Myriad Efforts Towards International Justice*, USALI PERSPECTIVES (Oct. 17, 2022), https://usali.org/s/USALI-Perspectives-10-17-22-Priya-Pillai.pdf; Máximo Janger, *Myanmar: The Case for Universal Jurisdiction*, JAKARTA POST (Feb. 1, 2023), https://www.thejakartapost.com/paper/2023/02/01/myanmar-the-case-for-universal-jurisdiction.html.

11 *See* S.C. Res. 2669 (Dec. 21, 2022).

12 *Id.*

13 *Id.* For example, *Sit-Tat* has burnt down 48,463 civilian houses as of January 15, 2023, with the most destruction in Sagaing Region (36,667 houses), Magway Region (8,575 houses), and Chin State (1,475 houses). *2023_01_15_Burned_Houses_Data_Public_Version_D4M*, DATA FOR MYANMAR (Jan. 15, 2023), https://tinyurl.com/4a5vcwyh.

ဇူလိုင်လတွင် စစ်တပ်၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် ထုတ်ပြန်ခဲ့သော *"အကြမ်းဖက်စစ်အုပ်စု တာဝန်ခံရမည့် ရာဇဝတ်မှုခင်းများ"* အစီရင်ခံစာ နောက်ဆက်တွဲအနေဖြင့် ထပ်မံထုတ်ပြန်ခြင်း ဖြစ်ပါသည်။[14]

## အစီရင်ခံစာ၏ နယ်ပယ်နှင့် နည်းစနစ်များ

အေအေပီပီ၏ မှတ်တမ်းပြုစုခြင်းနှင့် အချက်အလက်များ စိစစ်အတည်ပြုခြင်း၏ ရည်ရွယ်ချက်များမှာ စစ်တပ်၏ အပြစ်ပေးအရေး ယူခံရခြင်းမှ ကင်းလွတ်နေသော သံသရာကို အဆုံးသတ်ရန်နှင့် မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ရရှိစေရေး အထောက်အကူပြုရန် ဖြစ်ပါသည်။ အေအေပီပီသည် နိုင်ငံတွင်းနှင့်နယ်စပ်အခြေစိုက် ကွန်ရက်များမှတဆင့် ကိုယ်တိုင် တိုက်ရိုက်စုဆောင်းသော သတင်းအချက်အလက်မှတဆင့်လည်းကောင်း၊ မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားအတည်ပြုနိုင်သည့် သတင်းပေးပို့ချက်များမှတဆင့်လည်းကောင်း၊ စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အထောက်အထားများကို ၂၀၂၂ ခုနှစ် တလျှောက်လုံး စဉ်ဆက်မပြတ် စုဆောင်းခဲ့ပါသည်။

စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ရသူပေါင်း (၃၈) ဦးကို အသေးစိတ် စနစ်တကျ တည်ဆောက်ထားသော မေးခွန်းများ အသုံးပြုပြီး မြန်မာဘာသာဖြင့် တွေ့ဆုံမေးမြန်းမှုများကို အေအေပီပီမှ ပြုလုပ်နိုင်ခဲ့ပါသည်။[15] ဤအစီရင်ခံစာတွင် ဖော်ပြနိုင်ရန်အတွက် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေပေးရန် ဖြေဆိုသူများနှင့် တွေ့ဆုံမေးမြန်းခြင်းကို ၎င်းတို့၏ လွတ်လပ်စွာ ကြိုတင် သိရှိသဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေဆိုခြင်းအတွက် ဖြေဆိုသူမည်သူမျှ အကျိုးခံစားခွင့်မရရှိကြပါ။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော ကိန်းဂဏန်းများသည် အေအေပီပီမှ မှတ်တမ်းပြုစုထားသည့် အတိုင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ဖြစ်ပါသည်။ သို့ရာတွင် အေအေပီပီ၏ တွေ့ဆုံမေးမြန်းမှုများမှ ရွေးချယ်ထားသော အမှုတွဲမှတ်တမ်းများတွင် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် စစ်တပ်၏ ကျူးလွန်မှုများနှင့် ပတ်သက်သည့် အချက်အလက်ပါဝင်ပါသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာမှု သိသိသာသာမများလာခဲ့ပါ။ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ဖမ်းဆီးအကျဉ်းချခံခဲ့ရသော အတွေ့အကြုံကို သက်သေထွက်ချက်ဆိုသူ နည်းပါးပါသည်။ ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမှ အသက်ရှင်ကျန်ရစ်သူများသည် တွေ့ဆုံမေးမြန်းမှုမပြုလုပ်မီ လုံခြုံသောနေရာများနှင့် ပတ်ဝန်းကျင်တွင် ရှိနေရမည်ဖြစ်၍ ထိုအကြောင်းရင်းကြောင့် ၎င်းတို့၏ ထွက်ဆိုချက်များကို နှောင့်နှေးစေခဲ့သည်။

ဤအစီရင်ခံစာပြုစုရာတွင် အေအေပီပီသည် အချက်အလက်စုဆောင်းခြင်းနှင့် အတည်ပြုခြင်းအတွက် စနစ်တကျပြင်ဆင်ထားသော နည်းလမ်းကို အသုံးပြုခဲ့ပြီး၊ အချက်အလက်လုံခြုံရေးနှင့် သိမ်းဆည်းမှု မူဝါဒများတွင် တင်းကြပ်သော လျှို့ဝှက်မှု စည်းကမ်းချက်များ ထားရှိကျင့်သုံးသည်။ ထိုအချက်များအားလုံးကို အောက်တွင်ဖော်ပြထားပါသည်။

**အချက်အလက် စုဆောင်းခြင်းလုပ်ငန်းစဉ်** - အေအေပီပီ၏ မှတ်တမ်းနှင့်သုတေသနဌာနသည် ဖြစ်စဉ်တစ်ခုစီ၏ အချက်အလက်များ ကို ရင်းမြစ်အများအပြားမှ စုဆောင်းနိုင်သောနည်းစနစ် (data triangulation) ကို အသုံးပြုသည်။ ယင်းနည်းစနစ်သည် ဖြစ်စဉ်တစ်ခု တည်းအပေါ် သတင်းအချက်အလက်များ ပိုမိုရရှိနိုင်ရန် ရင်းမြစ်အများအပြားမှ အချက်အလက်များကို စုဆောင်းမှတ်တမ်းပြုစုပြီး စိစစ်လေ့လာသုံးသပ်သည့် ရည်ရွယ်ချက်များပါဝင်သည်။ အေအေပီပီ၏ အချက်အလက်စုဆောင်းခြင်းစနစ်တွင် စစ်တပ်က လူ့အခွင့် အရေးချိုးဖောက်မှုခံရသော နစ်နာဆုံးရှုံးသူတစ်ဦးချင်းအား ကုဒ်နံပါတ်ဖြင့်၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ အမှုဖြစ်စဉ်

[14] *See* အေအေပီပီ, ACCOUNTABILITY FOR THE JUNTA CRIMINALS (2022), https://အေအေပီပီb.org/?p=22316.

[15] တွေ့ဆုံမေးမြန်းခဲ့သူများမှာ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား ၁၈ ဦးနှင့် စစ်တပ်၏ ဖမ်းဆီးခြင်းမှ ထွက် ပြေးလွတ်မြောက်ခဲ့သော်လည်း ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းခံခဲ့ရသော အရပ်သား ၂၀ ဦး ဖြစ်သည်။

အကျဉ်း၊ ကျူးလွန်ခံခဲ့ရသော နေရာဒေသ၊ ဖမ်းဆီးခံရသောရက်၊ လွတ်မြောက်လာသောရက်နှင့် သေဆုံးသည့် ရက်များ၊ သေဆုံးရခြင်းအကြောင်းများကို အချက်အလက် လေ့လာပြုစုသူများက စနစ်တကျ မှတ်တမ်းတင်ပါသည်။[16]

**အချက်အလက်အတည်ပြုခြင်း လုပ်ငန်းစဉ် -** အေအေပီပီသည် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သတင်းပေးပို့မှုများကို ခိုင်မာသော စိစစ်အတည်ပြုရေးလုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်နေပါသည်။ အခွင့်အရေးချိုးဖောက်မှုတစ်ခုကို ကိုယ်တိုင်စုဆောင်း အတည်ပြုထားသော သတင်းရင်းမြစ်က ပေးပို့လာလျှင် အဆိုပါ သတင်းပေးပို့ချက်ကို အတည်ပြုပြီးဖြစ်သည်ဟု အေအေပီပီက ယူဆပါသည်။ ကိုယ်တိုင်စုဆောင်းသော သတင်းအရင်းအမြစ်ဆိုသည်မှာ နိုင်ငံတွင်းနှင့် နယ်စပ်ဒေသအခြေစိုက် ကွန်ရက်များမှ အေအေပီပီ အဖွဲ့ဝင်များပါဝင်သည်။ အခွင့်အရေးချိုးဖောက်မှုတစ်ခုကို တဆင့်ခံအတည်ပြုထားသော သတင်းရင်းမြစ်ထံမှ ပေးပို့လာလျှင်၊ အခြားအတည်ပြုနိုင်သော ရင်းမြစ်များနှင့် အပြန်အလှန် စိစစ်ပြီးသည့်အခါ ထိုသတင်းအချက်အလက်ကို အတည်ပြုပြီးဖြစ်သည်ဟု အေအေပီပီက ယူဆပါသည်။ တဆင့်ခံ သတင်းအချက်အလက်များတွင် ယုံကြည်ရသော သတင်းမီဒီယာရင်းမြစ်များမှ သတင်းများပါဝင်သည်။ ထိုနည်းတူ အတည်မပြုနိုင်သောရင်းမြစ်မှ သတင်းကို အတည်ပြုနိုင်သော အခြားရင်းမြစ်များဖြင့် အပြန်အလှန်စိစစ်ပြီးနောက် အတည်ပြုထားလျှင်၊ ထိုသတင်းအချက်အလက်ကို အတည်ပြုပြီး ဖြစ်သည်ဟု အေအေပီပီက ယူဆပါသည်။ အတည်မပြုနိုင်သောရင်းမြစ်များတွင် အီးမေးလ်များနှင့် ဆိုရှယ်မီဒီယာများမှတဆင့် အေအေပီပီလက်ခံရရှိသည့် သတင်းပေးပို့ချက်များ ပါဝင်သည်။ စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သတင်းပေးပို့ချက်တစ်ခုကို စိစစ်အတည်ပြုနောက်ပိုင်း၌ပင် ရင်းမြစ်မျိုးစုံမှ အချက်အလက်စုဆောင်းသည့် လုပ်ငန်းစဉ်သည် ဆက်လက်ရှိနေမည်ဖြစ်သည်။

**အချက်အလက်လုံခြုံရေး -** အေအေပီပီ ၏ အချက်အလက်စုဆောင်းခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်ကို တင်းကြပ်စွာ လျှို့ဝှက်ထားသည်။ အချက်အလက်များကို မတူညီသော လုံခြုံသည့်နေရာ အနည်းဆုံး (၃) နေရာတွင် သိမ်းဆည်းထားသည်။ အေအေပီပီ အတွင်းရှိ အချက်အလက်များ စီမံကိုင်တွယ်မှုကိုလည်း ခွဲခြားထားသည်။ မသက်ဆိုင်သော ဝန်ထမ်းများသည် သတင်းအချက်အလက်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုခွင့် မရှိပါ။ ဌာနများအကြား အချက်အလက်မျှဝေရန်အတွက် အေအေပီပီ၏ သက်ဆိုင်ရာဌာနတာဝန်ခံများထံ လိုအပ်သောတောင်းဆိုမှုများ ပြုလုပ်ရမည်ဆိုသည့် လုပ်ငန်းခွင်လုပ်ထုံးလုပ်နည်းများ ရှိပါသည်။ အချက်အလက်များကို မျှဝေသည့်အခါတွင်ပင် အေအေပီပီသို့ ဆက်သွယ်သောရင်းမြစ်များကို လျှို့ဝှက်ထားဆဲဖြစ်သည်။

**အချက်အလက်များသိမ်းဆည်းခြင်းဆိုင်ရာမူဝါဒ** - အေအေပီပီသည် အချက်အလက်များကို ဖျက်ဆီးပစ်ရန် (ဥပမာ- အင်တာဗျူးဖြေဆိုသူများထံမှ) တောင်းဆိုခြင်းမရှိပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် အင်တာဗျူးများနှင့် အခြားလျှို့ဝှက်ရင်းမြစ်များမှ ရရှိသော အချက်အလက်များကို အသုံးပြုရန် ရည်ရွယ်ပါသည်။ အနည်းဆုံး တရားစီရင်ရေးလုပ်ငန်းစဉ်ပြီးမြောက်သည်အထိ အချက်အလက်များကို လျှို့ဝှက်ထားပြီး လုံခြုံစွာသိမ်းဆည်းထားမည်ဖြစ်သည်။ တရားမျှတမှုလုပ်ငန်းစဉ်ပြီးမြောက်သောအခါတွင် မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့်အညီ အချက်အလက်များကို ဆက်လက်သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အချက်အလက်များသည် နွေဦးတော်လှန်ရေးမှ သင်ခန်းစာများ အပါအဝင် မြန်မာ့သမိုင်းဆိုင်ရာ အနာဂတ်လေ့လာမှုများနှင့် ဆင်ခြင်သုံးသပ်မှုတို့အတွက် အသုံးဝင်နိုင်ပါသည်။


[16] Data collection and verification is impacted by, *inter alia*, communication barriers, network connectivity issues, resource limitations, and above all, security issues. Therefore, အေအေပီပီ's verification process prioritizes confirming each case through data triangulation and through cross-referencing with media reports.

## စစ်တပ်၏လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများ


### *ရောမစာချုပ် ပုဒ်မ ၇ (၁)(က) လူသတ်မှု*

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စစ်တပ်၏လက်ချက်ဖြင့် အသတ်ခံခဲ့ရသော ဒီမိုကရေစီအရေး ထောက်ခံသူပေါင်း **(၂၆၈၈)** ဦး၏ လူသတ်မှုများကို အေအေပီပီမှ မှတ်တမ်းပြုစုခဲ့ပါသည်။[17] ၂၀၂၂ ခုနှစ် တစ်နှစ်တည်းတွင် အေအေပီပီသည် လူသတ်မှုပေါင်း **(၁,၁၄၅)** မှုကို အတည်ပြုနိုင်ခဲ့ပြီး၊ **(၁၀၅)** မှုမှာ အတည်ပြုရန်လိုအပ်နေဆဲဖြစ်သည်။[18]

ပုံကားချပ် ၁ တွင် ဖော်ပြထားသည့်အတိုင်း သေဆုံးသူများမှာ အမျိုးသား (၁,၀၀၆) ဦးနှင့် အမျိုးသမီး (၂၂၅) ဦး၊ ကျား/မ အတည်မပြုနိုင်သူ (၁၉) ဦး တို့ဖြစ်သည်။ ပုံကားချပ် ၂ တွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်သည် အသက်ငါးနှစ်အောက်ကလေးငယ် (၁၈) ဦး အပါအဝင် ကလေးပေါင်း (၁၆၀) ဦးကို သတ်ဖြတ်ခဲ့ပြီး အငယ်ဆုံးကလေးမှာ ခြောက်လအရွယ် ဖြစ်သည်။ စစ်တပ်သည် အသက် ၁၉-၂၀ နှစ်ကြား အရွယ်ရောက်ပြီးသူ (၂၄၂) ဦး၊ နှင့် ၂၁-၆၀ နှစ်ကြား လူလတ်ပိုင်း (၄၃၁) ဦးတို့လည်း သတ်ဖြတ်ခဲ့သည်။ စစ်တပ်၏ သတ်ဖြတ်မှုကြောင့် အသက် ၆၀ နှစ်နှင့်အထက် လူကြီးပိုင်း (၁၁၂) ဦး သေဆုံးခဲ့ပြီး၊ ၎င်းတို့ထဲတွင် အသက် ၈၀ ကျော် (၂၇) ဦး ပါဝင်သည်။ သေဆုံးသူ (၃၀၅) ဦး၏ အသက်အရွယ်ကို မသိရှိရသေးပါ။




**ပုံကားချပ် ၁** - *သတ်ဖြတ်ခံရသူ ကျား/မ ဦးရေ (၂၀၂၂)*




**ပုံကားချပ် ၂** - *သတ်ဖြတ်ခံရသူ အသက်အုပ်စု (၂၀၂၂)*

ဇယား ၁ တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း (၃၃၀) တွင် (၁၄၅) မြို့နယ်၌ စစ်တပ်က အရပ်သားများကို သတ်ဖြတ်ခဲ့ပြီး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးသတ်ဖြတ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်းတွင် စစ်တပ်သည် မြို့နယ် (၃၇) တွင် မြို့နယ် (၃၀) ၌ အရပ်သား (၆၄၁) ဦး သတ်ဖြတ်ခဲ့သည်။[19] အရပ်သားအများအပြားကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သတ်ဖြတ်ခဲ့သည့် ကိန်းဂဏန်းများနှင့် နည်းလမ်းများ (ဇယား ၂) နှင့် လစဉ်ဖော်ပြချက် (ဇယား ၃) များအရလည်း နိုင်ငံတစ်ဝှမ်း အစုလိုက်သတ်ဖြတ်ခံရသူ အမြောက်အများနှင့် သတ်ဖြတ်မှုပုံသဏ္ဍာန်များကို ပြသထားပါသည်။[20]

[17] စစ်တပ်နှင့် ရင်ဆိုင်တိုက်ပွဲများအတွင်း ကျဆုံးသွားသော တော်လှန်ရေးတပ်ဖွဲ့ဝင်များ သေဆုံးမှုများကို အေအေပီပီက ထည့်သွင်း ခြင်း မရှိပါ။ သို့ရာတွင် စစ်တပ်၏ အရှင်ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက်မှ သတ်ဖြတ်ခံခဲ့ရသော တော်လှန်ရေးတပ်ဖွဲ့ဝင်များ၏ သေဆုံးမှု များ ဤစာရင်းတွင် ပါဝင်ပါသည်။

[18] အေအေပီပီ၏ အချက်အလက် အတည်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက *အစီရင်ခံစာနယ်ပယ်နှင့် နည်း စနစ်*အခန်းတွင် လေ့လာနိုင်ပါသည်။

[19] စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ (၃၇) မြို့နယ်တွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ (၃) မြို့နယ်ပါဝင်သည်။

[20] ဤအချက်အလက်များကို အေအေပီပီမှ ပြုစုထားခြင်းဖြစ်သည်။ အမှန်တကယ်အရေအတွက်မှာ ပို၍များပြားနိုင်ပါသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် သတ်ဖြတ်ခံရသူ ဦးရေ (၂၀၂၂)**

| ပြည်နယ်/ တိုင်းဒေသကြီး | သတ်ဖြတ်မှုကျူးလွန်ခဲ့သော မြို့နယ် အရေအတွက် | သေဆုံးမှု အရေအတွက် |
|---|---|---|
| ကချင် | ၉ (၅၀%) | ၇၉ |
| ကယား | ၂ (၂၈.၆%) | ၃၃ |
| ကရင် | ၆ (၈၅.၇%) | ၂၅ |
| ချင်း | ၈(၈၈.၉%) | ၄၀ |
| မွန် | ၅ (၅၀%) | ၂၄ |
| ရခိုင် | ၈ (၄၇.၁%) | ၄၅ |
| ရှမ်း | ၁၂ (၂၀%) | ၃၅ |
| စစ်ကိုင်း | ၃၀ (၈၁.၁%) | ၆၄၁ |
| မကွေး | ၁၁ (၄၄%) | ၁၄၁ |
| မန္တလေး | ၁၅ (၅၃.၆%) | ၆၇ |
| ပဲခူး | ၁၃ (၄၆.၄%) | ၃၉ |
| ရန်ကုန် | ၁၂(၂၅.၅%) | ၂၉ |
| တနင်္သာရီ | ၉(၉၀%) | ၄၅ |
| ဧရာဝတီ | ၃(၁၁.၅%) | ၃ |
| နေပြည်တော် | ၂ (၂၅%) | ၂ |
| နေရာမသိ | - | ၂ |
| စုစုပေါင်း | **၁၄၅ (၄၃.၉%)** | **၁၂၅၀** |

***ဇယား ၁:*** *ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် သတ်ဖြတ်ခံရသူများ (၂၀၂၂)*

၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ အသုံးပြုသော သတ်ဖြတ်နည်း ၉ မျိုးကို နောက်ဆက်တွဲ A နှင့် ဇယား ၂ တွင် ဖော်ပြထားသည့်အတိုင်း အေအေပီပီက ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ယခုအချိန်အထိ အတွေ့ရအများဆုံး သတ်ဖြတ်နည်းမှုစလျှင် - ၁) ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခြင်း (၅၀၄) မှု (၄၀.၃၂ ရာခိုင်နှုန်း)၊ ၂) ကျည်ထိမှန်မှု (၂၉၂) မှု (၂၃.၃၆ ရာခိုင်နှုန်း)၊ ၃) လက်နက်ကြီးဖြင့် ပစ်ခတ်ခံရမှု (၂၁၇) မှု (၁၇.၃၆ ရာခိုင်နှုန်း) ၊ ၄) လေကြောင်းတိုက်ခိုက်မှု၊ ၅) အရှင်လတ်လတ်မီးတင်ရှို့ခြင်း၊ ၆) အခြားနည်းလမ်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ ၇) လူသတ်မှုနှင့်ဆက်စပ်သောမုဒိမ်းမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ၈) မြေမြှုပ်မိုင်း၊ ၉) ကားဖြင့်တိုက်သတ်မှုတို့ ဖြစ်ကြသည်။ ဤအချက်အလက်များတွင် စစ်တပ်၏ မြေလှန်စစ်ဆင်ရေး (Scorched-earth campaigns) ကြောင့်

သေဆုံးမှုများပါဝင်ပြီး အဆိုပါစစ်ဆင်ရေးတွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် မြေပြင်တပ်များ အသုံးပြု တိုက်ခိုက်မှုများကို အသုံးပြုခဲ့သည်။[21]

ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခံရမှု၊ သေနတ်ဖြင့်ပစ်သတ်ခြင်းနှင့် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း နည်းလမ်း (၃) မျိုးပေါင်း (၁,၀၁၃) မှု (၈၁.၀၄ ရာခိုင်နှုန်း) သည် ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှသတ်ဖြတ်ခဲ့မှုများကို ကိုယ်စားပြုသည်။ ဖမ်းဆီး ထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခြင်းခံခဲ့ရသူများတွင် သေဆုံးသူ (၄၅) ဦးသည် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခြင်းဖြစ်ဖွယ်ရှိပြီး၊ ထိုအထဲမှ (၂၉) ဦးသည် စစ်ကြောရေးစခန်းများတွင် သေဆုံးခဲ့ပြီး၊ (၁၆) ဦးသည် အကျဉ်းထောင်များထဲတွင် သေဆုံးခဲ့သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခံရသူများထဲ လူသားဒိုင်းအဖြစ် အသုံးပြုပြီး သို့မဟုတ် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရပြီး အသတ်ခံရသည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။[22]

[21] မြေလှန်မီးရှို့စစ်ဆင်ရေး နည်းစနစ်ကို စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အသုံးပြုခဲ့ခြင်းအား အေအေပီပီ က အတည် ပြုနိုင်ခဲ့သည်။ သို့ရာတွင် သတင်းမီဒီယာများ၏ ဖော်ပြချက်များအရ အဆိုပါ နည်းစနစ်ကို အခြား ပြည်နယ်နှင့် တိုင်းဒေသ ကြီးတို့တွင်လည်း အသုံးပြုခဲ့သည်ဟု ဖော်ညွှန်းနေသည်။

[22] ဤအခန်းတွင် ဖော်ပြထားသော သတ်ဖြတ်နည်း တခုချင်းစီ၏ ရှင်းလင်းဖွင့်ဆိုချက်များကို နောက်ဆက်တွဲ (က) တွင် လေ့လာနိုင်ပါသည်။

## ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ သတ်ဖြတ်မှုများ (ပြည်နယ်နှင့်တိုင်းအလိုက် သတ်ဖြတ်မှုပုံစံအမျိုးမျိုးကို ဖော်ပြခြင်း)


| ပြည်နယ်နှင့် တိုင်းဒေသကြီး | ဖမ်းဆီးပြီးနောက် သတ်ဖြတ်မှု | ကျည်ထိမှန်မှု | လက်နက်ကြီးပစ်ခတ်ခံရမှု | မီးရှို့သတ်ဖြတ်မှု | လေကြောင်းတိုက်ခိုက်မှု | မုဒိန်းပြုကျင့်မှု (အတည်ပြုရန်လိုအပ်ဆဲ) | မြေမြှုပ်မိုင်း | အခြားနည်းဖြင့် သတ်ဖြတ်မှု | ကားဖြင့်တိုက်မှု | သတ်ဖြတ်မှုပုံစံမသိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | ၃ | ၁၉ | ၇ | ၁ | ၄၄ | | | | | ၅ | ၇၉ |
| ကယား | ၈ | ၁ | ၁၈ | ၂ | ၄ | | | | | | ၃၃ |
| ကရင် | ၃ | ၆ | ၁၄ | | | | ၂ | | | | ၂၅ |
| ချင်း | ၂၁ | ၁၁ | ၇ | | | | ၁ | | | | ၄၀ |
| မွန် | ၄ | ၉ | ၇ | ၂ | ၂ | | | | | | ၂၄ |
| ရခိုင် | ၁ | ၉ | ၃၅ | | | | | | | | ၄၅ |
| ရှမ်း | ၁၃ | ၁၀ | ၁၁ | | | | | ၁ | | | ၃၅ |
| စစ်ကိုင်း | ၂၉၃ | ၁၃၇ | ၇၈ | ၃၂ | ၂၁ | ၈ | ၁ | ၁၄ | | ၅၇ | ၆၄၁ |
| မကွေး | ၅၆ | ၃၂ | ၂၇ | ၁၁ | ၄ | ၃ | ၁ | ၃ | | ၄ | ၁၄၁ |
| မန္တလေး | ၄၉ | ၁၁ | | | | | ၁ | ၁ | | ၅ | ၆၇ |
| ပဲခူး | ၁၄ | ၁၁ | ၁၁ | | | | ၂ | | | ၁ | ၃၉ |
| ရန်ကုန် | ၁၉ | ၉ | | | | | | ၁ | | | ၂၉ |
| တနင်္သာရီ | ၁၅ | ၂၅ | ၂ | | | | | ၁ | ၂ | | ၄၅ |
| ဧရာဝတီ | ၂ | ၁ | | | | | | | | | ၃ |
| နေပြည်တော် | ၂ | | | | | | | | | | ၂ |
| နေရာမသိ | ၁ | ၁ | | | | | | | | | ၂ |
| **စုစုပေါင်း** | **၅၀၄** | **၂၉၂** | **၂၁၇** | **၄၈** | **၇၅** | **၁၁** | **၈** | **၂၁** | **၂** | **၇၂** | **၁၂၅၀** |

***ဇယား ၂ -*** *၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ သတ်ဖြတ်မှုများ (ပြည်နယ်နှင့်တိုင်းအလိုက် သတ်ဖြတ်မှုပုံစံအမျိုးမျိုးကို ဖော်ပြခြင်း)*

## ၂၀၂၂ ခုနှစ်တွင် စစ်တပ်၏ သတ်ဖြတ်မှုများ (ပြည်နယ်နှင့်တိုင်းအလိုက် လစဉ်ဖော်ပြခြင်း)


| ပြည်နယ်နှင့် တိုင်းဒေသကြီး | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | လ မသိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | | ၇ | | | ၃ | ၃ | ၂ | ၁၅ | ၃ | ၄၄ | ၁ | | ၁ | ၇၉ |
| ကယား | ၇ | ၂ | ၃ | ၂ | ၁ | ၁ | ၂ | ၃ | ၂ | ၆ | ၁ | ၃ | | ၃၃ |
| ကရင် | | ၂ | ၁၀ | ၂ | ၃ | ၃ | | ၁ | | ၁ | ၂ | ၁ | | ၂၅ |
| ချင်း | ၁၁ | ၁ | ၁ | ၂ | ၄ | ၃ | ၅ | ၆ | | ၄ | ၂ | ၁ | | ၄၀ |
| မွန် | ၁ | | ၇ | | | ၉ | ၂ | | ၂ | | ၃ | | | ၂၄ |
| ရခိုင် | | ၁ | | | | | | ၃ | ၁ | ၉ | ၃၁ | | | ၄၅ |
| ရှမ်း | | ၂ | ၂ | ၁၁ | | | ၄ | ၃ | ၇ | ၁ | ၃ | ၂ | | ၃၅ |
| စစ်ကိုင်း | ၄၇ | ၄၉ | ၇၁ | ၃၅ | ၈၀ | ၈၃ | ၄၇ | ၆၁ | ၂၈ | ၂၇ | ၄၄ | ၆၁ | ၈ | ၆၄၁ |
| မကွေး | ၅ | ၁၀ | ၁၂ | ၂၈ | ၁၂ | ၂၆ | ၁၁ | ၇ | ၅ | ၈ | ၄ | ၁၃ | | ၁၄၁ |
| မန္တလေး | ၁၀ | ၄ | ၈ | ၃ | ၁ | ၃ | | | ၂ | ၄ | ၈ | ၂၄ | | ၆၇ |
| ပဲခူး | ၃ | ၄ | ၁ | | ၃ | ၂ | ၉ | ၄ | ၅ | ၃ | ၂ | ၃ | | ၃၉ |
| ရန်ကုန် | ၄ | ၅ | ၃ | ၁ | | | ၁၀ | ၁ | ၃ | | ၂ | | | ၂၉ |
| တနင်္သာရီ | ၅ | ၁ | | ၄ | | ၁၀ | ၃ | ၆ | ၁ | ၅ | ၇ | ၃ | | ၄၅ |
| ဧရာဝတီ | | | ၂ | | | | | | | ၁ | | | | ၃ |
| နေပြည်တော် | | | | | | | | | ၁ | | | ၁ | | ၂ |
| နေရာမသိ | | | | | | | | | | | | ၁ | ၁ | ၂ |
| **စုစုပေါင်း** | **၉၃** | **၈၈** | **၁၂၀** | **၈၈** | **၁၀၇** | **၁၄၃** | **၉၅** | **၁၁၀** | **၆၀** | **၁၁၃** | **၁၁၀** | **၁၁၃** | **၁၀** | **၁,၂၅၀** |

***ဇယား ၃ -** ၂၀၂၂ ခုနှစ်တွင် စစ်တပ်၏ သတ်ဖြတ်မှုများ (ပြည်နယ်နှင့်တိုင်းအလိုက် လစဉ်ဖော်ပြခြင်း)*




***ပုံကားချပ် ၃*** *- သတ်ဖြတ်မှု နည်းလမ်းများ (၂၀၂၂)*

ပုံကားချပ် ၄ တွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်၏ လူသတ်မှု ကျူးလွန်ခံရသူအများစုမှာ အရပ်သားပြည်သူများ ဖြစ်ကြောင်း အေအေပီပီမှ ဖော်ထုတ်တွေ့ရှိခဲ့ရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ဒီမိုကရေစီအရေး ထောက်ခံလိုလားသူ စုစုပေါင်း (၁,၂၅၀) ဦး အသတ်ခံခဲ့ကြောင်း အေအေပီပီက မှတ်တမ်းပြုစုထားနိုင်ခဲ့သည်။ အဆိုပါ ကိန်းဂဏန်းထဲတွင် လူပေါင်း (၉၅၈) ဦး၏ နောက်ခံကို မသိရှိရသေးပါ။ သို့မဟုတ် ထိုသူတို့သည် ဤအစီရင်ခံစာတွင် ဖော်ပြချက်အမျိုးအစားတစ်ခုခုနှင့် အကျုံးမဝင်ခြင်းဖြစ်သည်။ ထိုသူများကို "အရပ်သားများ" ဟု ပုံကားချပ် ၄ တွင် ဖော်ပြထားပါသည်။




***ပုံကားချပ် ၄***- *စစ်တပ်မှ သတ်ဖြတ်ခဲ့သော ဒီမိုကရေစီထောက်ခံသူ လူပုဂ္ဂိုလ်အမျိုးအစား (၂၀၂၂)*

အောက်ဖော်ပြပါ သတ်ဖြတ်မှုဖြစ်စဉ်များက စစ်တပ်၏ လူအမြောက်အများကို သတ်ဖြတ်မှုနှင့် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံးကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၏ တိကျသောဥပမာများ ဖြစ်ပါသည်။

***ရွေးချယ်ထားသော လူသတ်မှုဖြစ်စဉ်များ - ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ လူသတ်မှုများ***

| **လူသတ်နည်းပုံစံများ** | **ဖမ်းဆီးထိန်းသိမ်းခံရခြင်း (လူ့သားဒိုင်းပြုလုပ်ခြင်း)** |
|---|---|
| သတ်ဖြတ်ခံရသူအမည် | ဆလိုင်းလာနန်း (၁၃နှစ်) ၊ ဆလိုင်းသို့ဒင်း၊ ဆလိုင်း ဗန်ထူး၊ ဆလိုင်း စတီ ဗင်၊ ဆလိုင်း လားရင်းလ်၊ ဆလိုင်း တင်စန်း၊ ဆလိုင်း ဖူးပါးဆာလီ၊ ဆလိုင်း လျန်ဝိုင်၊ ဆလိုင်း ယေဇအောင် နှင့် ဆလိုင်း ထက်လုံး |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၆၊ ၇ ရက်နေ့ ၊ ဇန်နဝါရီလ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၈ ရက်နေ့ ၊ ဇန်နဝါရီလ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | ချင်းပြည်နယ် မတူပီ-ဟားခါးလမ်းပေါ်ရှိ ကီလှုန်းနှင့် လုံလော့ကျေးရွာအကြား၌ (၁၃) နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ချင်းတိုင်းရင်းသား (၁၀) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့သည်။ အဆိုပါ အရပ်သားပြည်သူများကို ရှေ့တန်းစစ်မျက်နှာတွင် လူသားဒိုင်းအဖြစ် ခေါ်ဆောင်ကာ ဇန်နဝါရီ ၈ ရက်နေ့တွင် သတ်ဖြတ်ခဲ့သည်။ ၎င်းတို့ထဲတွင် Khonumthung Media Group တည်ထောင်သူနှင့် အယ်ဒီတာဖြစ်သူ ဆလိုင်းသို့ဒင်းပါဝင်ပြီး သူသည် ဟားခါးတိုင်းမ်ဂျာနယ်တွင် အလုပ်လုပ်ကိုင်ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ |
| ရင်းမြစ် | The Irrawaddy, Mizzima, Khonumthung Media Group, Chin World |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| **လူသတ်နည်းပုံစံများ** | **ပစ်ခတ်ပြီး အရှင်လတ်လတ် မီးရှို့ခြင်း** |
|---|---|
| သတ်ဖြတ်ခံရသူအမည် | ကိုသားညီ ၁၈၊ ကိုဝေယံဦး ၁၈၊ ကိုငြိမ်းချမ်းမောင် ၂၂၊ ကိုဇင်မင်းထွဋ် (ခ) ကိုပြေသာမောင် ၂၂၊ နှင့် ကိုလှစိုး ၂၅ (အရှင်လတ်လတ်မီးရှို့ခံရခြင်း)၊ ကိုဝင်းစိုး ၄၀၊ နှင့် ဦးတင်ဝင်း ၅၀ (ပစ်ခတ်ခံရခြင်း) |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၂၈ ရက် ဖေဖော်ဝါရီလ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၂၈ ရက် ဖေဖော်ဝါရီလ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | စစ်တပ်နှင့် ပျူစောထီး[23] တို့သည် မကွေးတိုင်း ဒေသကြီး ဂန့်ဂေါမြို့နယ် အတွင်းရှိ ကျေးရွာများကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သည်။ ရွှေဘိုကျေးရွာမှ ဒေသခံရွာသား (၇) ဦး သေဆုံးခဲ့သည်။ ရွာသားငါးဦးကို ဖမ်းဆီးပြီး လက်ကိုချည်နှောင်ကာ အရှင်လတ်လတ် မီးရှို့ခံခဲ့ကြသည်။ အခြားနှစ်ဦးကို ပစ်သတ်ခဲ့ကြသည်။ |
| ရင်းမြစ် | Myanmar Now, Radio Free Asia |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

[23]ပျူစောထီးအဖွဲ့ကို စစ်တပ်လိုလားသူ စစ်မှုထမ်းဟောင်းများနှင့် ဗုဒ္ဓဘာသာ အစွန်းရောက်အဖွဲ့အစည်းဖြစ်သော "မဘသ" အဖွဲ့ဝင် များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ပျူစောထီးအဖွဲ့ကို စစ်တပ်က ဖွဲ့စည်းထူထောင်ထားပြီး၊ ထိုအဖွဲ့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် ယုံကြည်ရသော အထောက်အထားများကို အေအေပီပီက ရရှိထားပါသည်။ *See The Rise of Pyu Saw Htee*, PROGRESSIVE VOICE MYAN. (Mar. 12, 2022), https://progressivevoicemyanmar.org/2022/03/12/the-rising-of-pyu-saw-htee/.

| လူသတ်နည်းပုံစံများ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း |
| --- | --- |
| သတ်ဖြတ်ခံရသူအမည် | နော်တာလု ၂၊ နော်ထူးဖော ၅၊ နော်တင်နီလာဝင်း ၁၄၊ စောဒေးဖိုး ၁၉၊ နော်အယ်မူး ၂၂; နော်ဖော်ဝါး ၃၂၊ နှင့် စောကေ ၄၀ |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၅ ရက် မတ်လ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၅ ရက် မတ်လ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | ည ၇း၂၀ နာရီခန့်တွင် ခြေမြန်တပ်ရင်း (၄၀၆)၊ တပ်ရင်း (၄၀၇)၊ နယ်ခြားစောင့်တပ် (၁၀၁၃) တို့နှင့် ပူးပေါင်းတပ်စွဲထားသော ဖာပွန်အခြေစိုက် အမြောက်တပ်ရင်းက အမြောက်ကျည်များဖြင့် ပစ်ခတ်သဖြင့် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကလောဒေးရွာရှိ ကလေးသုံးဦးအပါအဝင် အရပ်သား ခုနစ်ဦး သေဆုံးခဲ့ပြီး၊ အခြား အရပ်သားလေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ |
| ရင်းမြစ် | Myanmar Now |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| လူသတ်နည်းပုံစံများ | ဖမ်းဆီးထိန်းသိမ်းခြင်း၊ လူသေအလောင်းများကို မီးရှို့ခြင်း၊ |
| --- | --- |
| သတ်ဖြတ်ခံရသူအမည် | ဦးအောင်သန်းဆွေ ၆၄၊ ဦးဇော်လွင် ၄၂ ၊ မြင့်ထွန်း ၅၈၊ ဦးကျော်ပိုင် ၄၄၊ ဦးမိုးခိုင် ၄၈၊ ဦးသိန်းလင်း ၆၂၊ ကိုထွန်းလင်းအောင် ၂၅၊ ဦးအောင်ဆန်းဝင်း ၄၆၊ ဦးသိန်းဟန် ၅၅၊ ဦးဇော်မင်းအောင် ၄၁၊ ဦးစိုးထွန်း ၄၆၊ ကိုဇော်မိုးလှိုင် ၃၃၊ ကိုငြိမ်းသူ ၃၀၊ ဦးအောင်ထူး ၄၉၊ ဦးကျော်အေး ၄၅၊ ဦးကျော်ခိုင် ၄၆၊ ကိုညီညီမင်း ၃၈၊ ကိုကျော်ဇေလင်း ၃၈၊ ကိုမျိုးသန့် ၃၈၊ ဦးဝင်းမြင့် ၅၃၊ ဦးစိန်နိုင် ၅၂၊ ဦးသိန်းမြင့်ဆွေ ၄၅၊ ဦးမင်းယုဝေ ၄၈၊ ဦးကံဝင်း ၅၁၊ ကိုစိုးစိုးထွန်း ၂၉၊ ဦးကျော်စွာလင်း ၄၁၊ ကိုကျော်မင်းအောင် ၃၄၊ ကိုအောင်ကျော်သူ ၃၄။ |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၁၀ ရက် မေလ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၁၁ ရက် မေလ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ် မုန်တိုင်ပင်ကျေးရွာတွင် စစ်တပ်၏ မြေပြင်ရှိတပ်ဖွဲ့ဝင်များမှ ဒေသခံ ၂၈ ဦးကို လက်နောက်ပြန် ကြိုးတုပ်ပြီး ဖမ်းဆီးခဲ့သည်။ ထို့နောက် ရွာဦးဘုန်းကြီးကျောင်းဝင်းထဲမှာ ဒေသခံများကို သတ်ဖြတ်ခဲ့သည်။ ၎င်းတို့၏ အလောင်းများကို အိမ်များနှင့်အတူရော၍ မီးရှို့ခဲ့သည်။ |
| ရင်းမြစ် | Myanmar Now, Radio Free Asia, Myanmar Now |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| လူသတ်နည်းပုံစံများ | ပစ်ခတ်ခြင်း |
| --- | --- |
| သတ်ဖြတ်ခံရသူအမည် | ကိုမြင့်ဦး၊ ကိုနေဇာအောင်၊ မပိုင်ပိုင်၊ မရူပါ၊ ကိုအောင်မင်းနိုင်၊ ကိုလှစိုး၊ ကိုမဲကြီး၊ ကိုသူရ၊ ကိုတင်ထွေး၊ ကိုစန်းနှင့် အမည်မသိသူတဦး၊ |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၆ ရက် ဇွန်လ ၂၀၂၂ |

| | |
|---|---|
| သေဆုံးသည့်ရက်စွဲ | ၆ ရက် ဇွန်လ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | စစ်တပ်၏ ခြေလျင်တပ်ဖွဲ့များသည် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ကံဖြူကျေးရွာထဲသို့ မွန်းလွဲပိုင်းတွင် ဝင်ရောက်စီးနင်းခဲ့သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းဖြစ်သော မြတ်စောညီနောင်စေတီတော်ဝင်းအတွင်းတွင် ခိုလှုံနေကြသော စစ်ဘေးရှောင်အရပ်သားများ ရှိသည့်နေရာသို့ စစ်သားများ ဝင်ရောက်လာခဲ့သည်။ ခြံဝင်းအတွင်း ရပ်ထားသည့်ဆိုင်ကယ်များကိုရှာဖွေရာ ဆိုင်ကယ်ထိုင်ခုံအောက်၌ ဝှက်ထားသော သေနတ်တစ်လက်တွေ့ရှိခဲ့သည်ဟုဆိုသည်။ ဆိုင်ကယ်ကို ဘယ်သူပိုင်လဲလို့ မေးသည့်အခါ ရွာသားများက မသိဘူးလို့ ပြောခဲ့ပါသည်။ ထိုအချိန်တွင် စစ်သားများက ဆိုင်ကယ်များအားလုံးကို မီးရှို့ခဲ့သည်။ ထို့နောက် စစ်ဘေးရှောင်ရွာသား အယောက် (၁၀၀) ထဲက လူ (၃၀) လောက်ကို ခေါ်ပြီး၊ စတင်ပြေးဖို့ (၁၀) စက္ကန့် အချိန်ပေးခဲ့သည်။ သူတို့ပြေးသည့်အခါ စစ်သား (၂၀) ခန့်က နောက်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပါတယ်။ နောက်ထပ် ရွာသား (၃) ဦးကို ခေါင်းပေါ်လက်တင်ခိုင်းပြီး အခြားရွာသားများရှေ့တွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ မီးလောင်ထားသည့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းဝန်းအတွင်း အခြားရွာသားနှစ်ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။ သေဆုံးသူများထဲတွင် ပိုင်ပိုင်အမည်ရှိ အသက် ၁၆ နှစ်အရွယ် ကလေးငယ်တစ်ဦး ပါဝင်ပြီး၊ ထိုကလေးငယ်သည် ပိုလီယိုရောဂါ ခံစားရပြီး စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ ဖြစ်သည်။ |
| ရင်းမြစ် | [Myanmar Now] |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| **လူသတ်နည်းပုံစံများ** | **ဖမ်းဆီးထိန်းသိမ်းခြင်း (စစ်ကြောရေးတွင်မေးခြင်း)၊** |
|---|---|
| သတ်ဖြတ်ခံရသူအမည် | ဦးကျော်မျိုးမင်း၊ ဦးပန်းမြင့်၊ ဦးကိုကိုမောင် |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၂၂ ရက် ဇွန်လ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၃၀ ရက် ဇွန်လ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | မွန်ပြည်နယ် ဘီးလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးမင်းကို မြောင်းတစ်ခုထဲတွင် ပစ်သတ်ထားသည်ကို တွေ့ခဲ့ရသည်။ ထိုနေရာနှင့် ပေ (၃၀၀) အကွာတွင် NLD ပါတီဝင်ဟောင်းနှစ် ဦးဖြစ်သည့် ဦးပန်းမြင့်နှင့် ဦးကိုကိုမောင်တို့ သေဆုံးနေသည်ကို မြုပ်နှံထားလျက်တွေ့ခဲ့ရသည်။ ဦးကျော်မျိုးမင်းသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ဘီးလင်းကိုယ်စားပြုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရသည်။ သတင်းများအရ ဦးကျော်မျိုးမင်းသည် ဦးခေါင်းမှာ သေနတ်ထိမှန်သည့် ဒဏ်ရာရှိပြီး လက်နောက်ပြန်ကြိုးတုပ်၍ချုပ်နှောင်ထားကြောင်း သိခဲ့ရပါသည်။ ဘီးလင်းမြို့ရှိ မဲပလီဇျူးဟာကုန်းမှ တက်လာသော စစ်တပ်တပ်ဖွဲ့ဝင် အင်အား (၁၀၀) ခန့်ရှိသော စစ်တပ်နဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရချိန်၊ ဇွန်လ (၂၂) ရက်နေ့တွင် ဦးကျော်မျိုးမင်း၊ ဦးပန်းမြင့်နှင့် ဦးကိုကိုမောင်တို့ကို လယ်ကတဲကျေးရွာ အနီးအတွင်း စစ်တပ်တပ်သားများမှ ဖမ်းဆီးခဲ့ပြီး၊ သူတို့၏လက်များကို နောက်ပြန်ကြိုးတုတ်ပြီး ဒေါ်ကံကြီးကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုဘုန်းကြီးကျောင်းတွင် သူတို့ကို စစ်ဆေးမေးမြန်းချိန်တွင် |

| | |
|---|---|
| | ရိုက်နှက်ခံခဲ့ရသည်။ ဇွန်လ ၃၀ ရက် နေ့တွင် အသတ်ခံခဲ့ရသည်။ ဇူလိုင် ၂ ရက်တွင် ခနီချောကျေးရွာအနီး၊ သူတို့ သုံးဦး၏ အလောင်းများအား တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ |
| ရင်းမြစ် | The Irrawaddy, Khit Thit Media, Radio Free Asia, BBC Burmese |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| လူသတ်နည်းပုံစံများ | သေဒဏ်ပေးခြင်း |
|---|---|
| သတ်ဖြတ်ခံရသူအမည် | ဦးကျော်မင်းယု (ဂျင်မီ)၊ ဦးဖြိုးဇေယျာသော် (မောင်ကျော်)၊ ဦးလှမျိုးအောင်နှင့် ဦးအောင်သူရဇော် |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၂၃ ရက် အောက်တိုဘာလ ၂၀၂၁၊ ၁၈ ရက် နိုဝင်ဘာလ ၂၀၂၁၊ မတ်လ 2021 |
| သေဆုံးသည့်ရက်စွဲ | ၂၃ ဂျူလိုင်လ ၂၀၂၂၊ ၂၄ ဂျူလိုင်လ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | ဦးကျော်မင်းယု (ခေါ်) ဂျင်မီသည်မြန်မာစာရေးဆရာ၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်ပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ ၈၈၈၈ အရေးတော်ပုံအတွင်း ကျောင်းသားတက်ကြွ လှုပ်ရှားသူအဖြစ် ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်သည်။ နွေဦးတော်လှန်ရေးအတွင်း စစ်တပ်ကို တော်လှန်ပုန်ကန်မှုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံ အိမ်ရာတွင် ၂၃ ရက် အောက်တိုဘာလ ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ၂၁ ရက် ဇန်နဝါရီလ၊ ၂၀၂၂ ခုနှစ် တွင် စစ်ခုံရုံးမှ သေဒဏ်ချမှတ်ခဲ့သည်။ ၂၃ ရက် ဇူလိုင်လ၊ ၂၀၂၂ ခုနှစ် တွင် ကွပ်မျက်ခဲ့သည်။<br><br>ဦးဖြိုးဇေယျာသော် (ခေါ်) မောင်ကျော်သည် ဟစ်ပ်ဟော့အဆိုတော် ဖြစ်ပြီး Acid အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်ပြီး မျိုးဆက်သစ်များကို ကိုယ်စားပြုသည့် Generation Wave ကို တည်ထောင်သူနှင့် ဥက္ကဋ္ဌတာဝန်ယူခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်။ နွေဦးတော်လှန်ရေးကာလတွင် စစ်တပ်ကို ဆန့်ကျင်သည့်အနေဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း) ရတနာနှင်းဆီအိမ်ရာတွင် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စစ်ခုံရုံးမှ သေဒဏ်ချမှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကွပ်မျက်ခဲ့သည်။<br><br>ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ နှစ်ဦးစလုံးကို လှိုင်သာယာမြို့နယ်မှ ဝင်းသန္တာဆွေအား သတ်ဖြတ်မှုဖြင့် စွပ်စွဲခံခဲ့ရပြီး ၎င်းတို့ကို မတ်လ ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့အား စစ်ခုံရုံးက ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့အား ၂၀၂၂ ခုနှစ် ဇူလိုင်လ၊ ၂၄ ရက်နေ့တွင် ကွပ်မျက်ခဲ့သည်။ |
| ရင်းမြစ် | The Irrawaddy, Myanmar Now, RFA Burmese |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| လူသတ်နည်းပုံစံများ | Shot |
|---|---|
| သတ်ဖြတ်ခံရသူအမည် | မခိုင်ခိုင်ဝင်း ၁၂၊ မအေးသူဇာနွယ် ၁၆၊ မောင်သော်ဘုန်းနိုင် ၁၇၊ မမိုးမိုး ၂၄၊ မငြိမ်းသူအောင် ၂၇၊ ဦးဆောင်းဝင်းလတ် ၄၀၊ ဦးပွကြီး ၄၂၊ ဦးဇော်ဝင်း ၄၅၊ ဒေါ်ယဉ်မြင့် (ခေါ်) ရီမြင့် ၅၀၊ ဦးမောင်မြင့် ၅၅၊ ဒေါ်နွဲ့နွဲ့ဝင်း ၅၇၊ ဦးကျော်စိန်ဝင်း ၇၅၊ ဒေါ်ခင်မြ ၈၂၊ ဒေါ်နီ ၆၇၊ ဦးကျော်မွှေး ၇၀။ |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၁၁- ၁၄ ရက်၊ ဩဂုတ်လ ၂၀၂၂ ခုနှစ် |
| သေဆုံးသည့်ရက်စွဲ | ၁၁- ၁၄ ရက်၊ ဩဂုတ်လ ၂၀၂၂ ခုနှစ် |
| ဖြစ်စဉ်သမိုင်း | ဩဂုတ်လ ၁၁ ရက်နေ့ ညနေပိုင်းက စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်တပ်၏ မြေပြင်တပ်များနှင့် Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃ စီးတို့ ပူးပေါင်း၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုသည် အချိန်အားဖြင့်တစ်နာရီကျော် ကြာမြင့်ခဲ့ပြီး အခြားရဟတ်ယာဉ်သုံးစင်းမှ စစ်သား (၆၀) ဦးခန့်မှ မြေပြင် တိုက်ခိုက်မှု ဆက်လက်လုပ်ဆောင်ခဲ့သည်။ ထိုစစ်သားများသည် ကျေးရွာတွင် ဩဂုတ် ၁၄ ရက်အထိ တပ်စွဲထားခဲ့သည်။ ၎င်းတို့ ထွက်ခွာပြီးနောက် ၁၂ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် အရပ်သား (၁၈) ဦးတို့၏ ရုပ်အလောင်းများကို ရွာတွင် တွေ့ရှိခဲ့သည်။ သေဆုံးသူ (၁၈) ဦး အနက် (၁၅) ဦးသာ ဖော်ထုတ်နိုင်ခဲ့ပြီး ကလေး သုံးဦးပါဝင်သည်။ ၎င်းတို့အနက် (၁၂) ဦးမှာ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပါတယ်။ လက်နက်မျိုးစုံ ဒဏ်ရာများလည်း တွေ့ရှိခဲ့သည်။ စီးနင်းမှု အတွင်း ဒေါ်ခင်မြနှင့် ဒေါ်ခင်မြတို့မှာ ပိတ်မိခဲ့ပြီး ပုန်းအောင်းနေရင်း အစာရေစာ ပြတ်လပ်ကာ သေဆုံးခဲ့ပြီးကျော်မှုသည် ထွက်ပြေးစဉ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာဖြင့် သေဆုံးသွားခဲ့သည်။ |
| ရင်းမြစ် | Myanmar Now, Radio Free Asia |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| လူသတ်နည်းပုံစံများ | လေကြောင်းတိုက်ခိုက်မှုနှင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု |
|---|---|
| သတ်ဖြတ်ခံရသူအမည် | မောင်ဘုန်းတေဇ ၇၊ မသူရတီလှိုင် ၇၊ မဇင်နွယ်ဖြိုး ၉၊ မဝင်းဝင်းခိုင် ၁၁၊ မောင်စန်းမင်းဦး (ခေါ်) ဘောကြီး ၁၃၊ မောင်ဖိုးသာ (ခေါ်) ဇင်ကိုဦး ၁၄၊ မောင်အောင်အောင်ဦး ၁၆၊ ကိုအောင်ချစ်မိုး 22၊ ကိုတင်စိုးခိုင် ၃၁၊ ကိုအောင်စောထွေး ၃၄၊ မယု ၃၇၊ ဦးကျော်ထွန်း (၄၉)နှစ် |
| ဖမ်းဆီးခံရသည့် ရက်စွဲ | ၁၆ ရက် စက်တင်ဘာလ ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | ၁၆ ရက် စက်တင်ဘာလ ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | မွန်းလွဲ ၁၂ နာရီခန့်တွင် စစ်တပ်၏ Mi-35 တိုက်ခိုက်ရေး ရဟတ် ယာဉ်နှစ်စင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာရှိ စာသင် ကျောင်းအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး၊ စစ်တပ်၏ မြေပြင်တပ်ဖွဲ့ဝင်များမှ ကျေးရွာအား တစ်ပြိုင်နက် ဝင်ရောက်စီးနင်းခဲ့သည်။ ကျောင်းစာသင်ခန်းထဲတွင် စာသင်ကြားနေသည့် ကလေး (၇) ဦး အပါအဝင် အရပ်သား (၁၃) ဦး သေဆုံးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ကလေးများသည် ကျောင်းတည်ရှိရာ ရွာဘုန်းကြီး |

| | |
|---|---|
| | ကျောင်းရှိ ခြံဝင်းထဲတွင် စာသင်နေကြ ပါသည်။ စာသင် ကျောင်းတွင် ပိတ်မိနေသော ဆရာများနှင့် ပြင်းထန်စွာဒဏ်ရာရရှိသော ကျောင်းသားများ အပါအဝင် နောက်ထပ်လူ (၂၀) ဦး ကို စစ်တပ်မှ ဖမ်းဆီးကာ ရေဦးမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။ ကလေးငယ်များ၏ အလောင်းများကို ဆန်အိတ်များဖြင့် ထုပ်ပိုးထားပြီး အလောင်းများကို မိဘများထံ ပြန်လည်ပေးအပ်ခြင်းမရှိခဲ့ဘဲ မီးသဂြိုလ်ခဲ့သည်။ NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ၊ အမှတ် (၁၀) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကွပ်ကဲမှုလက်အောက်ရှိ ခြေမြန်တပ်ရင်း (၃၆၈) မှ တပ်သားများသည် ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ်မှုသော စစ်ရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြောင်း သိရသည်။ |
| ရင်းမြစ် | Radio Free Asia, The Irrawaddy |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| **လူသတ်နည်းပုံစံများ** | **ထိန်းသိမ်းခြင်း (စစ်မေးခြင်း)၊** |
|---|---|
| သတ်ဖြတ်ခံရသူအမည် | ဦးနေလင်းစိုး |
| ဖမ်းဆီးခံရသည့် ရက်စွဲ | နိုဝင်ဘာလ ၁ ရက် ၂၀၂၂ |
| သေဆုံးသည့်ရက်စွဲ | နိုဝင်ဘာလ ၁ ရက် ၂၀၂၂ |
| ဖြစ်စဉ်သမိုင်း | ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် နေထိုင်သူ ဦးနေလင်းစိုးသည် နိုဝင်ဘာ ၁ ရက်၊ ညနေ ၅ နာရီ တွင် အလုပ်မှ ပြန်လာခဲ့သည်။ ဒလ-တွံတေးလမ်းမကြီးပေါ် ရှိ စံပယ်ချောင်းကျောင်းစုရပ်ကွက်ရှိ ၎င်း၏ နေအိမ်အနီး၊ စစ်ဆေးရေးဂိတ်ကို ဖြတ်သွားသောအခါ စစ်ဆေးရေး ဂိတ်ရှိ စစ်သားများက ရပ်တန့်ကာ မှတ်ပုံတင် (ID) ကို ပြခိုင်းခဲ့သည်။ မှတ်ပုံတင်ကို မပြနိုင်တဲ့အခါ စစ်သားတွေက သူ၏ပါးစပ်ကို ဖုံးထားရင်း ခြေထောက်နဲ့ လက်တွေကို ကြိုးဖြင့်ချည်ပြီး ဖမ်းဆီးခဲ့သည်။ ဦးနေလင်းစိုး အရိုက်ခံရစဉ်တွင် ၎င်း၏မိခင်နှင့်ရပ်ကျေးလူကြီးများက စစ်သားများကို သူ့အားမသတ်ရန် တောင်းဆိုခဲ့သော်လည်း စစ်သားများက သူ့အမေကို တွန်းထုတ်ခဲ့သည်။ သူသည် သေသည်အထိ အရိုက်ခံခဲ့ရပြီးနောက် စစ်တပ်တပ်သားများက သူ့အလောင်းကို ဒရွတ်တိုက်ဆွဲလာပြီး မိသားစုဝင်များကို ပေးခဲ့သည်။ |
| ရင်းမြစ် | Radio Free Asia, Khit Thit Media, Ayeyarwaddy Times |


ရင်းမြစ်: အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

**ရောမစာချုပ် ပုဒ်မ ၇ (၁)(င) ဖမ်းဆီးအကျဉ်းချမှု သို့မဟုတ် အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုပြင်းထန်စွာဆုံးရှုံးစေမှု**


၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စစ်တပ်၏ မအောင်မြင်သော အာဏာသိမ်းမှုမှ စတင်ကာ အရပ်သား (၁၆,၇၀၄) ဦးကို ဖမ်းဆီးအကျဉ်းချခဲ့ပြီး၊ (၁၃,၂၁၇) ဦးမှာ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။[24] ၂၀၂၂ ခုနှစ်တွင် စစ်တပ်မှ အရပ်သား (၃,၇၃၈) ဦးကို ဖမ်းဆီးခဲ့ပြီး၊ အမှုပေါင်း (၃၇၂၉) မှု (၉၉.၇၆ ရာခိုင်နှုန်း) ကို အေအေပီပီမှ အတည်ပြုနိုင်ခဲ့သည်။

အကျဉ်းသား (၃,၇၃၈) ဦးတွင် အမျိုးသား (၂၇၆၃) ဦး (၇၃.၉၂ ရာခိုင်နှုန်း)၊ အမျိုးသမီး (၉၇၁) ဦး (၂၅.၉၈ ရာခိုင်နှုန်း) နှင့် LGBT[25] (၄) ဦး (၀.၁၀ ရာခိုင်နှုန်း) တို့သည် ၂၀၂၂ ခုနှစ်တွင် ထိန်းသိမ်းခံခဲ့ရသည်။ စစ်တပ်သည် အသက်ငါးနှစ်အောက် ကလေး (၁၄) ဦး အပါအဝင် ကလေး (၁၂၉) ဦး၊ အသက် ၁၉-၃၀ နှစ်ကြား  လူငယ် (၄၅၆) ဦး၊ အသက် ၃၁-၆၀ နှစ်ကြား အရွယ်ရောက်ပြီးသူ (၄၃၉) ဦး၊ အသက် ၆၀ ကျော် လူကြီးပိုင်း (၃၄) ဦးကို ဖမ်းဆီးအကျဉ်းချခဲ့သည်။ အေအေပီပီသည် အကျဉ်းသား (၂,၆၈၀) ဦးတို့၏ အသက်များကို အတည်မပြုနိုင်သေးသဖြင့် အောက်ပါ ပုံကားချပ် ၆ တွင် သီးခြားဖော်ပြထားပါသည်။[26]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စစ်တပ်သည် မြို့နယ်ပေါင်း (၂၆၂) မြို့နယ်တွင် ဒီမိုကရေစီ အရေးထောက်ခံသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးထိန်းသိမ်းခံရသူ ဦးရေ အများဆုံးဖြစ်ပြီး၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့က အစဉ်လိုက် ဖြစ်သည်။ ဇယား ၄ တွင်ဖော်ပြထားသည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း စစ်တပ်သည် မြို့နယ် ၄၅ ခုတွင် ၄၃ မြို့နယ်၌ လူ (၈၈၀) ဦးကို ဖမ်းဆီးခဲ့သည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် (၂၇) မြို့နယ်တွင် အကျဉ်းသား (၆၄၅) ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃) မြို့နယ် အပါအဝင် (၃၇) မြို့နယ်တွင် (၃၁) မြို့နယ်၌ အကျဉ်းသား (၄၇၇) ဦး၊ မကွေးတိုင်းဒေသကြီးရှိ (၂၅) မြို့နယ်တွင် (၂၃) မြို့နယ်၌ (၄၅၃) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။




***ပုံကားချပ် ၅** - ဖမ်းဆီးအကျဉ်းကျမှု ကျား/မ ဦးရေ (၂၀၂၂)*




***ပုံကားချပ် ၆** - ဖမ်းဆီးအကျဉ်းကျမှု အသက်အုပ်စု (၂၀၂၂)*

---

24 ဤအချက်အလက်များကို အေအေပီပီ မှ ပြုစုထားခြင်းဖြစ်သည်။ အမှန်တကယ် အရေအတွက်မှာ ပို၍များပြားနိုင်ပါသည်။

25 LGBT refers to individuals who have been identified as lesbian, gay, bisexual, or transgender. While some of these individuals may identify with more than one category (e.g., male and LGBT, or female and LGBT), the LGBT category takes precedence here in order to highlight *Sit-Tat's* targeting of individuals who identify as LGBT.


26 အေအေပီပီ ၏ အချက်အလက်စစ်ဆေးမှုနည်းစနစ်ဖြင့် စစ်ဆေးအတည်ပြုခြင်း သို့မဟုတ် သတင်းမီဒီယာများ၏ ဖော်ပြချက် များမှတဆင့် ဖမ်းဆီထိန်းသိမ်းခံရသူတစ်ဦး၏ အသက်ကို အတည်ပြုပါသည်။ အစီရင်ခံစာနယ်ပယ်နှင့် နည်းစနစ်များ အခန်းတွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျမှု ဦးရေ (၂၀၂၂)**

| ပြည်နယ်/ တိုင်းဒေသကြီး | ဖမ်းဆီးအကျဉ်းကျမှုမြို့နယ် အရေအတွက် | ဖမ်းဆီးထိန်းသိမ်းခံရသူ အရေအတွက် |
|---|---|---|
| ကချင် | ၁၂ (၆၆.၇%) | ၉၆ |
| ကယား | ၂(၂၈.၆%) | ၇ |
| ကရင် | ၅(၇၁.၄%) | ၅၄ |
| ချင်း | ၆(၆၆.၇%) | ၄၈ |
| မွန် | ၁၀ (၁၀၀%) | ၇၃ |
| ရခိုင် | ၈ (၄၇.၁%) | ၂၃ |
| ရှမ်း | ၂၄ (၄၀%) | ၁၇၂ |
| စစ်ကိုင်း | ၃၁ (၈၃.၈%) | ၄၇၇ |
| မကွေး | ၂၃ (၉၂%) | ၄၅၃ |
| မန္တလေး | ၂၇ (၉၆.၄%) | ၆၄၅ |
| ပဲခူး | ၂၈ (၁၀၀%) | ၃၃၀ |
| ရန်ကုန် | ၄၃ (၉၁.၅%) | ၈၈၀ |
| တနင်္သာရီ | ၁၀ (၁၀၀%) | ၂၄၇ |
| ဧရာဝတီ | ၂၅ (၉၆.၂%) | ၁၆၉ |
| နေပြည်တော် | ၈(၁၀၀%) | ၅၃ |
| အမည်မသိဒေသ | - | ၁၁ |
| | **၂၆၂** (၇၉.၄%) | **၃,၇၃၈** |

***ဇယား ၄*** *- ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျမှု ဦးရေ (၂၀၂၂)*

ပုံကားချပ် ၈ တွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျခံနေရသူ အများအပြားမှာ အရပ်သားများ ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ဒီမိုကရေစီအရေး ထောက်ခံသူ (၃,၇၃၈) ဦး ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း အေအေပီပီက မှတ်တမ်းတင်နိုင်ခဲ့သည်။ ဤအရေအတွက်ထဲတွင် လူပုဂ္ဂိုလ်၏နောက်ခံကို မသိရသေးသော သို့မဟုတ် ဤအစီရင်ခံစာက ဖော်ပြထားသော အမျိုးအစား တစ်မျိုးမျိုးနှင့် မကိုက်ညီသော အကျဉ်းသား (၃,၀၇၀) ဦးပါဝင်သည်။ ၎င်းတို့ကို ပုံကားချပ် ၈ နှင့် ဇယား ၅ တို့တွင် “အရပ်သားများ” ဟု ဖော်ပြထားပါသည်။




*ပုံကားချပ် ၇ - စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခံရသော ဒီမိုကရေစီထောက်ခံသူ လူပုဂ္ဂိုလ်အမျိုးအစား (၂၀၂၂)*

## ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ဖမ်းဆီးအကျဉ်းကျမှုများ (ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖမ်းဆီးအကျဉ်းကျခံရသူများ၏ ပုဂ္ဂိုလ်ရေးနောက်ခံ)

| ပြည်နယ်/ တိုင်းဒေသကြီး | အရပ် သား | တော်လှန် ရေးအုပ်စု | ကျောင်း ဆရာ/ ဆရာမ | နိုင်ငံရေး ပါတီ | ကျော င်းသား | နိုင်ငံ ဝန်ထမ်း | ဆရာဝန်/သူ နာပြု | သတင်း ထောက် | ဘာသာရေး ခေါင်း ဆောင် | အနုပညာ ရှင် | တက်ကြွ လှုပ်ရှားသူ | ရှေ့နေ | အရပ်ဖက် အဖွဲ့ အစည်း | လွှတ်တော်ကိုယ် စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | ၇၈ | ၇ | ၄ | ၂ | | ၁ | ၁ | | | | ၁ | ၁ | | ၁ | ၉၆ |
| ကယား | ၅ | | ၁ | | | | | | | ၁ | | | | | ၇ |
| ကရင် | ၃၅ | ၁၂ | ၁ | ၂ | | | ၂ | ၂ | | | | | | | ၅၄ |
| ချင်း | ၃၄ | | ၉ | | | ၄ | | | | | | | | ၁ | ၄၈ |
| မွန် | ၅၆ | ၁၀ | ၃ | | ၁ | | | ၂ | | | | ၁ | | | ၇၃ |
| ရခိုင် | ၂၂ | | ၁ | | | | | | | | | | | | ၂၃ |
| ရှမ်း | ၁၂၂ | ၁၆ | ၁၆ | ၂ | | ၃ | ၂ | ၂ | ၂ | ၂ | ၁ | | ၂ | ၂ | ၁၇၂ |
| စစ်ကိုင်း | ၃၉၇ | ၂၈ | ၁၃ | ၃ | ၁၀ | ၆ | ၅ | ၁ | ၄ | ၁ | ၂ | ၃ | ၂ | ၂ | ၄၇၇ |
| မကွေး | ၃၈၁ | ၆ | ၁၂ | ၃၁ | ၅ | ၆ | ၂ | | ၇ | | ၂ | | | ၁ | ၄၅၃ |
| မန္တလေး | ၅၁၂ | ၁၁ | ၁၇ | ၂၃ | ၁၆ | ၃၀ | ၁၂ | ၄ | ၆ | ၁ | ၁ | ၉ | ၁ | ၂ | ၆၄၅ |
| ပဲခူး | ၂၉၇ | ၃ | ၅ | ၉ | ၅ | ၅ | ၁ | ၁ | ၆ | ၁ | | ၁ | | ၁ | ၃၃၀ |
| ရန်ကုန် | ၇၁၉ | ၆၀ | ၇ | ၁၁ | ၃၃ | ၁၂ | ၄ | ၄ | | ၁၄ | ၇ | ၁ | ၈ | | ၈၈၀ |
| တနင်္သာရီ | ၂၁၈ | | ၆ | ၁ | ၇ | ၃ | | ၄ | ၃ | ၁ | ၂ | | ၂ | | ၂၄၇ |
| ဧရာဝတီ | ၁၄၄ | ၁ | ၅ | ၇ | ၂ | ၅ | ၁ | ၁ | ၁ | | | | ၁ | ၁ | ၁၆၉ |
| နေပြည်တော် | ၄၂ | | ၂ | ၆ | | | ၁ | ၂ | | | | | | | ၅၃ |
| အမည်မသိ | ၈ | | | ၁ | ၁ | | | ၁ | | | | | | | ၁၁ |
| **စုစုပေါင်း** | **၃,၀၇၀** | **၁၅၄** | **၁၀၂** | **၉၈** | **၈၀** | **၇၅** | **၃၁** | **၂၄** | **၂၄** | **၂၁** | **၁၆** | **၁၆** | **၁၆** | **၁၁** | **၃,၇၃၈** |

***ဇယား ၅ -*** *၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ဖမ်းဆီးအကျဉ်းကျမှု (ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖမ်းဆီးထအကျဉ်းကျခံရသူများ၏ ပုဂ္ဂိုလ်ရေးနောက်ခံ)*

## ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျမှုများ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြခြင်း)

| ပြည်နယ်/ တိုင်းဒေသကြီး | ဇန်န ဝါရီ | ဖေဖော်ဝါ ရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင် ဘာ | အောက် တို ဘာ | နိုဝင် ဘာ | ဒီဇင် ဘာ | လအမည် မသိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | ၄ | ၃ | ၁ | ၃ | ၃ | ၂၉ | ၂၀ | ၈ | ၆ | ၆ | 7 | ၆ | | ၉၆ |
| ကယား | | ၁ | | ၃ | ၁ | ၂ | | | | | | | | ၇ |
| ကရင် | ၁၂ | ၁ | ၅ | ၁၉ | ၆ | ၃ | | ၁ | | ၃ | ၂ | ၂ | | ၅၄ |
| ချင်း | | ၂ | ၁ | ၁ | ၉ | ၁၂ | ၄ | ၅ | ၁ | ၈ | ၁ | ၄ | | ၄၈ |
| မွန် | ၂ | ၄ | | ၉ | ၆ | ၈ | ၈ | ၁၂ | ၃ | ၂ | ၁၀ | ၉ | | ၇၃ |
| ရခိုင် | ၂ | ၆ | ၁ | | ၄ | ၄ | ၃ | | ၂ | ၁ | | | | ၂၃ |
| ရှမ်း | ၁၆ | ၁၂ | ၂၃ | ၁၂ | ၂၅ | ၁၀ | ၂၂ | ၁၉ | ၅ | ၅ | ၉ | ၁၁ | ၃ | ၁၇၂ |
| စစ်ကိုင်း | ၆၅ | ၄၉ | ၄၂ | ၃၉ | ၃၆ | ၄၈ | ၄၃ | ၄၃ | ၂၄ | ၉ | ၂၈ | ၂၉ | ၂၂ | ၄၇၇ |
| မကွေး | ၄၀ | ၆၅ | ၅၆ | ၃၇ | ၃၇ | ၄၉ | ၅၃ | ၁၉ | ၂၀ | ၁၇ | ၂၄ | ၃၃ | ၃ | ၄၅၃ |
| မန္တလေး | ၉၀ | ၁၀၅ | ၃၀ | ၉၀ | ၃၉ | ၆၃ | ၅၂ | ၂၇ | ၃၈ | ၅၆ | ၂၄ | ၁၈ | 13 | ၆၄၅ |
| ပဲခူး | ၂၀ | ၂၁ | ၁၇ | ၁၆ | ၅၇ | ၄၃ | ၄၅ | ၂၈ | ၈ | ၃၇ | ၂၁ | ၁၂ | ၅ | ၃၃၀ |
| ရန်ကုန် | ၁၅၆ | ၆၁ | ၈၈ | ၁၂၃ | ၄၁ | ၉၂ | ၃၉ | ၈၅ | ၅၃ | ၇၂ | ၃၈ | ၂၃ | ၉ | ၈၈၀ |
| တနင်္သာရီ | ၂၄ | ၁၉ | ၁၀ | ၂၆ | ၁၆ | ၂၉ | ၃၀ | ၂၁ | ၂၃ | ၁၈ | ၂၀ | ၁၁ | | ၂၄၇ |
| ဧရာဝတီ | ၂၇ | ၉ | ၇ | ၁၉ | ၂၀ | ၁၈ | ၇ | ၁၀ | ၁၇ | ၈ | ၂၁ | ၅ | ၁ | ၁၆၉ |
| နေပြည်တော် | ၁၀ | ၆ | ၆ | ၇ | ၄ | ၉ | ၃ | | ၁ | ၁ | ၃ | ၃ | | ၅၃ |
| အမည်မသိ | ၃ | | ၂ | | | | ၁ | | ၁ | | | ၁ | ၃ | ၁၁ |
| **စုစုပေါင်း** | **၄၇၁** | **၃၆၄** | **၂၈၉** | **၄၀၄** | **၃၀၄** | **၄၁၉** | **၃၃၀** | **၂၇၈** | **၂၀၂** | **၂၄၃** | **၂၀၈** | **၁၆၇** | **၅၉** | **၃,၇၃၈** |

***ဇယား ၆ -*** *၂၀၂၂ ခုနှစ်အတွင်း စစ်တပ်၏ ဖမ်းဆီးအကျဉ်းကျမှုများ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြခြင်း)*

*ရောမစာချုပ် ပုဒ်မ ၇ (၁)(စ) ညှဉ်းပန်းနှိပ်စက်မှု*

မြန်မာနိုင်ငံတွင် စစ်တပ်သည် အရပ်သားများအပေါ် ကျား/မ၊ အသက်အရွယ်၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သန်စွမ်းမှု ရှိမရှိ မခွဲခြားဘဲ ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်ရှိသည်။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၂ ခုနှစ်တွင် ဖမ်းဆီးအကျဉ်းကျခံခဲ့ရသူများ အနက် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးမှု (၄၅) မှု (စစ်ကြောရေးကာလအတွင်း ၂၉ မှုနှင့် အကျဉ်းထောင်တွင် ၁၆ မှု) ကို အေအေပီပီ က မှတ်တမ်းတင်နိုင်ခဲ့သည်။ အေအေပီပီမှ မှတ်တမ်းတင်ထားသည့်အတိုင်း[27] အောက်ပါ ဇယား ၇ တွင် ဖော်ပြထားသော ညှဉ်းပန်း နှိပ်စက်မှုနည်းလမ်းများသည် ရဲအချုပ် သို့မဟုတ် စစ်တပ်၏ စစ်ကြောရေးစခန်းများတွင် စစ်တပ်မှ အသုံးပြုသော နည်းလမ်းများ ဖြစ် သည်။ ဇယား (၇) နောက်တွင် ဖော်ပြထားသည့် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်စဉ်များသည် စစ်ကြောရေးကာလတွင် နိုင်ငံရေး အကျဉ်းသား များအပေါ် စစ်တပ်မှအသုံးပြုခဲ့သော နှိပ်စက်ညှဉ်းပန်းမှု နည်းလမ်းအချို့ကို ဖော်ပြထားခြင်းဖြစ်သည်။

**စစ်တပ်မှ အသုံးပြုသော ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများ**

| ကုဒ်နံပါတ် | ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်း ဖော်ပြချက် (TM) |
|---|---|
| **TM-01** | အကျဉ်းသားတစ်ဦးကို လက်ထိတ်ခတ်ပြီး ဦးခေါင်းကို အဝတ်အိပ်ဖြင့် ဖုံးအုပ်ထားကာ နောက်မှီမပါသော ခွေးခြေခုံ ပေါ်တွင် အတင်းအကျပ် ထိုင်ခိုင်းသည်။ |
| **TM-02** | အကျဉ်းသားတစ်ဦးကို အဆက်မပြတ် (တစ်ခါတစ်ရံတွင် ရက်ပေါင်းများစွာ) စစ်ဆေးမေးမြန်းခြင်းဖြင့် အိပ်စက်ခွင့် မရစေရန် လုပ်ဆောင်သည်။ |
| **TM-03** | အကျဉ်းသားတစ်ဦးကို ရေ နှင့်/သို့မဟုတ် အစားအစာကို ရက်အတော်ကြာ အလုံအလောက် မပေးခြင်း၊ တစ်ခါတရံ အကျဉ်းသားအား အိမ်သာရေသောက်ခိုင်းခြင်းတို့ကို ပြုလုပ်သည်။ |
| **TM-04** | အကျဉ်းသား၏ ဦးခေါင်း၊ နောက်ကျော၊ တင်ပါးနှင့် ခြေထောက်များ စသည့် နေရာများကို နံပါတ်တုတ်၊ ပလပ်စတစ် ဖုံးထားသော သစ်သားတုတ် သို့မဟုတ် ဝါးလုံး၊ ဝါယာကြိုးများပတ်ထားသော တုတ်ဖြင့် ရိုက်နှက်သည်။ |
| **TM-05** | အကျဉ်းသား၏ ဒူးအောက်တွင် ကျောက်ခဲလုံးများခံပြီး မြေပြင်ပေါ်တွင် ဒူးထောက်ခိုင်းစေသည်။ |
| **TM-06** | အကျဉ်းသားကို အကြိမ်ကြိမ် ပါးရိုက်သည်။ |
| **TM-07** | အကျဉ်းသား၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို မီးရှို့သည်။ |
| **TM-08** | အကျဉ်းသား၏ မျက်နှာ၊ ဦးခေါင်း၊ ဗိုက် နှင့်/သို့မဟုတ် ၎င်းတို့၏ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများကို စစ်ဖိနပ် ဖြင့်ကန်သည်။ |
| **TM-09** | စစ်ဆေးမေးမြန်းသူ၏ မေးခွန်းများကို ကောင်းစွာမဖြေပါက သေနတ် သို့မဟုတ် လက်ပစ်ဗုံးကို အကျဉ်းသား၏ ပါးစပ်ထဲသို့ထည့်ခြင်း သို့မဟုတ် ခေါင်းကိုချိန်ပြီး ၁ မှ ၁၀ အထိ ရေတွက်ခိုင်းကာ သတ်ပစ်မည့်ဟု ခြိမ်းခြောက်သည်။ |
| **TM-10** | မျက်နှာကိုရေစိုသော အဝတ်ဖြင့် အုပ်ပြီး မျက်နှာပေါ် ရေလောင်းချသည်။ |
| **TM-11** | အကျဉ်းသား၏ ခန္ဓာကိုယ်အား လျှပ်စစ်ရှော့တိုက်သည်။ |
| **TM-12** | လိုချင်သော သတင်းအချက်အလက်ရရှိရန် အကျဉ်းသားကို မုဒိမ်းကျင့်ခြင်း၊ အကျဉ်းသားကို အခြားသူအား မုဒိမ်း ကျင့်ခိုင်းခြင်း၊ အကျဉ်းသား၏ လိင်အင်္ဂါများကို နှိပ်စက်ခြင်း သို့မဟုတ် ဒဏ်ရာရရှိစေခြင်း၊ သို့မဟုတ် လိင်ပိုင်းဆိုင် ရာ အကြမ်းဖက်ရန် ခြိမ်းခြောက်သည်။ |

[27] အေအေပီပီသည် ၂၀၂၁ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၂ ခုနှစ် အစောပိုင်းအကြား လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား ၁၈ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။

| | |
|---|---|
| **TM-13** | အကျဉ်းသား၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ချွန်ထက်သောဓားဖြင့်ထိုးခြင်း သို့မဟုတ် လှီးဖြတ်ခြင်း ပြုလုပ်သည်။ |
| **TM-14** | အကျဉ်းသားအား ဖောက်ထိုးတွဲလောင်းဆွဲထားကာ အဝတ်အစားများချွတ်ပြီး၊ သစ်သား သို့မဟုတ် ဝါးတုတ်ဖြင့် ရိုက်သည်။ |

***ဇယား ၇*** *- စစ်တပ်အသုံးပြုသော ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများ*

**ရွေးချယ်ထားသောညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များ - စစ်ကြောရေးများတွင် ညှဉ်းပန်းနှိပ်စက်ခံရမှုများမှလွတ်မြောက်လာသူများ**

| | |
|---|---|
| **ကုဒ်နံပါတ်** | **S-01** |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဧပြီလ ၁၀ ရက်၊ ၂၀၂၁ |
| **တည်နေရာ** | ရန်ကုန် |
| **စစ်ကြောရေးကာလ** | ၅ ရက်၊ ဧပြီလ ၁၀-၁၄ ရက်၊ ၂၀၂၁ |
| **ထောင်ဒဏ်** | ၃ နှစ် |
| **လွတ်မြောက်သည့်ရက်စွဲ** | အောက်တိုဘာလ ၁၈ ၂၀၂၁ |
| **အင်တာဗျူးသည့်ရက်စွဲ** | ဇွန်လ ၉ ၂၀၂၂ |
| **ညှဉ်းပန်းနှိပ်စက်သည့် နည်းလမ်းများ** | TM-03, TM-04, TM-05, TM-06, TM-07, TM-08, TM-09, TM-10, TM-11 |
| **ဖမ်းဆီးခံရသည့် အကြောင်းရင်း** | ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ S-01 နေအိမ်အနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် S-01 ၏ နေအိမ်သို့ လာရောက်ခဲ့ကြသည်။ ၎င်းတို့ သည် စစ်တပ်နှင့် ရဲယူနီဖောင်းများ ဝတ်ဆင်ထားသည့် အမျိုးသားများ နှင့် အရပ်ဝတ် အရာရှိများ ပါဝင်သည်။ S-01 သည် ၎င်းတို့၏ ရာထူးများကို မသိသော်လည်း တပ်မဟာ (၇၇) ၏ တံဆိပ်များကို တပ်သားများ၏ ယူနီဖောင်းများတွင် တွေ့ခဲ့ရသည်။ NLD အလံကို တွေ့သည့်အခါ အိမ်၏ အထပ်တိုင်းကို စစ်ဆေးမည်ဟုပြောပြီး၊ အိမ်ရှိအထပ် သုံးထပ်လုံးကို ရှာဖွေခဲ့ကြသည်။ ထိုအချိန်တွင် S-01 သည် အိမ်ထဲတွင် တစ်ဦးတည်းဖြစ်သည်။ ဆန္ဒပြအလံ၊ အသံချဲ့စက်၊ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံများနှင့်အတူ S-01 ၏ကိုယ်ပိုင်ငွေဖြစ်သည့် မြန်မာငွေ (၂၈) သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာငွေများကို စစ်တပ် တပ်သားများတွေ့ရှိခဲ့သည်။ အဆိုပါ ပစ္စည်းများနှင့်ငွေသားများသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် CDM တို့အား ပံ့ပိုးကူညီ နေခြင်းဖြစ်သည်ဟုဆိုပြီး၊ အထက်ဖော်ပြပါ ပစ္စည်းများအားလုံးကို သိမ်းဆည်းခဲ့ပြီး S-01 ကို ဖမ်းဆီးခဲ့သည်။ ဖမ်းဝရမ်းမရှိသော်လည်း S-01 နေအိမ်မှ အဖိုးတန် ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။ |
| **စစ်ကြောရေးအချိန်** | *S-01* ကို ရဲစခန်းတွင် ပထမအကြိမ် စစ်ဆေးမေးမြန်းခဲ့ပြီး၊ ယင်းစခန်းမှ နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးနှိပ်စက်ခဲ့သည့် စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်ကတည်းက နာမည်ဆိုးဖြင့် ကျော်ကြားသော ရေကြည်အိုင် စစ် |

| | |
|---|---|
| | ကြောရေးစခန်းသို့ ပြောင်းရွှေ့ခဲ့သည်။ ရေကြည်အိုင်တွင် ထိန်းသိမ်းခံရပြီးနောက် *S-01* ကို ရွှေပြည်သာ စစ်ကြောရေးစခန်းသို့ ထပ်မံလွှဲပြောင်းပေးခဲ့သည်။ |
| **ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ** | ဝဲဘက်ခြမ်းတွင် မျက်နှာအမာရွတ်၊ နားတစ်ဖက်တွင်အကြားအာရုံဆုံးရှုံးခြင်း၊လည်ပင်းဒဏ်ရာ၊ ဝိုင်ယာကြိုးဖြင့်ရိုက်နှက်ခြင်းကြောင့် ခန္ဓာကိုယ်တွင် အမာရွတ်များ၊ |
| **စိတ်ဒဏ်ရာများ** | သေဒဏ်ချမှတ် ခံရမည်ဖြစ်ကြောင်း ထပ်ခါတလဲလဲ ပြောကြားခြင်း အပါအဝင် ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်မှုကြောင့် စိတ်ဒဏ်ရာရခြင်း၊ ကျယ်လောင်သော အသံများကြားရလျှင် ကြောက်လန့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်မှုအတွင်း အသုံးပြုခဲ့သော ဝိုင်ယာကြိုးနှင့် အခြားပစ္စည်းများကို မြင်တွေ့ရသည်နှင့် စိတ်ခြောက်ခြားခံစားရခြင်း။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| **ကုဒ်နံပါတ်** | **S-02** |
|---|---|
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | မေလ ၇ ရက် ၂၀၂၁ |
| **တည်နေရာ** | ရန်ကုန် |
| **စစ်ကြောရေးကာလ** | ၄ ရက် (မေလ ၇-၁၀ ရက်) |
| **ထောင်ဒဏ်** | - |
| **လွတ်မြောက်သည့်ရက်စွဲ** | အောက်တိုဘာလ ၁၉ ၂၀၂၁ |
| **အင်တာဗျူးသည့်ရက်စွဲ** | ဩဂုတ်လ ၁၀ ၂၀၂၂ |
| **ညှဉ်းပန်းနှိပ်စက်ခြင်းနည်းလမ်းများ** | TM-04, TM-07, TM-08, TM-09, TM-12, TM-13 |
| **ဖမ်းဆီးရခြင်းအကြောင်း** | S-02 ဆန္ဒပြမှုအတွင်း အခြားဆန္ဒပြသူ ခြောက်ဦးနှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။ စစ်တပ်စစ်သားများမှ ဆန္ဒပြသူများကို မီးခိုးဗုံးများ ကျည်ဆံအစစ်များသုံးပြီး ဖြိုခွဲခဲ့သည်။ ၎င်းတို့သည် တပ်မ ၇၇ မှ စစ်သားများဖြစ်ပြီး S-02 နှင့် အခြားဆန္ဒပြသူများကို ဖမ်းဆီးပြီး  လမ်းပေါ်၌ ဒူးထောက်ခိုင်းသည်။ စစ်သားများက ၎င်းတို့၏ဖုန်းများကို သိမ်းဆည်းကာ ရဲစခန်းနှင့် စစ်ကြောရေးစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ S-02 ကို မေလ ၁၁ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ |
| **စစ်ကြောရေးအချိန်** | S-02 ကို ရဲစခန်းတွင် စစ်ဆေးမေးမြန်းခဲ့ပြီးနောက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ စစ်ကြောရေးစခန်းသို့ လွှဲပြောင်းပေးခဲ့သည်။ S-02 သည် လေးရက်ကြာပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ |
| **ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ** | S-02 ၏ ညာဘက်ခြမ်းမှ နံရိုးနှစ်ချောင်း ကျိုးသွားခဲ့ပြီး၊ ညာဖက်နား အကြားအာရုံ ချို့ယွင်းသွားခဲ့သည်။ |

| | |
|---|---|
| **စိတ်ဒဏ်ရာများ** | ထောင်ကလွတ်လာပြီးနောက် S-02 သည် စစ်သားများကို အဝေးမှ မြင်နေရသည့်နှင့် မြစ်ထဲသို့ ခုန်ဆင်းချင်စိတ်ဖြစ်နေသလို ခံစားရသည်။ S-02 သည် သံတံခါးဖွင့်သံ ကြားသည့်အချိန်မှာပင် စိုးရိမ်ကြောက်ရွံ့တုန်လှုပ်နေဆဲ ဖြစ်သည်။ |

ရင်းမြစ်: အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **ကုဒ်နံပါတ်** | **S-03** |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | အောက်တိုဘာလ ၂၇ ရက် ၂၀၂၁ |
| **တည်နေရာ** | ဟိုင်းကြီးကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး |
| **စစ်ကြောရေးကာလ** | ၁၀ ရက် (အောက်တိုဘာလ ၂၇- နိုဝင်ဘာလ ၅ ရက် ၂၀၂၁) |
| **ထောင်ဒဏ်** | မရှိ |
| **လွတ်မြောက်သည့်ရက်စွဲ** | ဖေဖော်ဝါရီလ ၂ ရက် ၂၀၂၂ |
| **အင်တာဗျူးသည့်ရက်စွဲ** | ဧပြီလ ၁၂ရက် ၂၀၂၂ |
| **ညှဉ်းပန်းနှိပ်စက်သော နည်းလမ်းများ** | TM-03, TM-04, TM-05, TM-08, TM-09, TM-12 |
| **ဖမ်းဆီးခံရသည့် အကြောင်းရင်း** | မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း S-03 ကို ပုဒ်မ ၅၀၅(က) ဖြင့် စမ်းချောင်းမြို့နယ် ရဲစခန်းတွင် ဩဂုတ်လ ၈ ရက်၊ ၂၀၂၁ ခုနှစ်၊ ဖမ်းဝရမ်းထုတ်ထားခဲ့သည်။ ထို့ကြောင့် S-03 သည် ရန်ကုန်တွင် မနေနိုင်တော့ဘဲ ယင်းမာပင်မြို့သို့ ထွက်ပြေးသွားခဲ့သည်။ ထိုမြို့တွင် S-03 က ဒေသခံများနှင့်ပူးပေါင်းပြီး သပိတ်မှောက်ခဲ့သည်။ ထိုမြို့ တွင်လည်း မလုံခြုံသည့်အတွက် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းကို ထွက်ခွာသွားပြီး၊ ထိုမြို့တွင် S-03 အဖမ်းခံရသည်။ စစ်သား နှင့် ရဲများသည် သေနတ်များကိုင်လျက် ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို မပြောဘဲ S-03 ၏ အိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြသည်။ ၎င်းတို့အထဲတွင် တပ်ရင်းမှူးတစ်ဦးနှင့် ရဲစခန်းမှူးတို့ ပါဝင်ပြီး၊ S-03 ကို အဓိကစစ်ဆေးမေးမြန်းသူများဖြစ်သည်။ S-03 ကို စမ်းချောင်းမြို့နယ် ရဲ စခန်းက ဖမ်းဝရမ်းထုတ်ထားသော်လည်း၊ စစ်တပ်စစ်ကြောရေးစခန်းသို့ တိုက်ရိုက်ခေါ်ဆောင် စစ်ဆေးခဲ့သည်။ S-03 သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် လွတ်မြောက်လာခဲ့ပါသည်။ S-03 လွတ်မြောက်လာသောအခါ လက်မှတ်ထိုးခဲ့ရပြီး၊ နိုင်ငံရေးတွင် ထပ်မံ ပါဝင်လာပါက S-03 ၏ မိသားစုအားလုံးကို ဖမ်းဆီးထိန်းသိမ်းပြီး၊ ပိုင်ဆိုင်မှုအားလုံးကို သိမ်းဆည်းမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ |
| **စစ်ကြောရေးအချိန်** | S-03 ကို ဟိုင်းကြီးကျွန်းမြို့ စစ်ကြောရေးစခန်းတွင် စစ်ဆေးမေးမြန်းခဲ့သည်။ |
| **ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ** | ကျော၊ ဦးခေါင်းနှင့် ခြေထောက်တို့တွင် ရိုက်နှက်ခံရခြင်းမှ ဒဏ်ရာများ၊ မျက်နှာကို ထိုးကြိတ်ကန်သွင်းခြင်းမှ ဒဏ်ရာများ ရရှိခဲ့သည်။ |
| **စိတ်ဒဏ်ရာများ** | အင်တာဗျူးဖြေရာတွင်ဖော်ပြထားခြင်းမရှိပါ။ |

ရင်းမြစ်။ အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **ကုဒ်နံပါတ်** | **S-09** |

| | |
|---|---|
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဇွန်လ ၁၀ရက် ၂၀၂၁ |
| **တည်နေရာ** | ရန်ကုန် |
| **စစ်ကြောရေးကာလ** | ၁၄ ရက်- ဇွန်လ ၁၀-၂၄ ၂၀၂၁ |
| **ထောင်ဒဏ်** | - |
| **လွတ်မြောက်သည့်ရက်စွဲ** | - |
| **အင်တာဗျူးသည့်ရက်စွဲ** | ဇန်နဝါရီလ ၂၁ ၂၀၂၂ |
| **ညှဉ်းပန်းနှိပ်စက်သော နည်းလမ်းများ** | TM-02, TM-04, TM-08, TM-09 |
| **ဖမ်းဆီးခံရသည့် အကြောင်းအရင်း** | S-09 ကို တပ်ရင်းမှူး ဦးဆောင်သည့် စစ်တပ်လုံခြုံရေးတပ်ဖွဲ့ဝင် အများအပြားက ဇွန်လ ၁၀ ရက်နေ့က ၎င်းနေထိုင်သောနေရာတွင် ဖမ်းဆီးခဲ့သည်။ အဖမ်းခံရသည့် အကြောင်းအရင်းမှာ ထိုနေရာတွင် ကျောင်းသားသမဂ္ဂ အစည်းအဝေး ကျင်းပနေပြီး၊ ထိုနေရာတွင် နေထိုင်သော သမဂ္ဂအဖွဲ့ဝင်များသည် ရန်ကုန်တွင် PDF နှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၏ နောက်ကွယ်တွင်ရှိနေသောကြောင့်ဟု ဆိုသည်။ |
| **စစ်ကြောရေးအချိန်** | S-09 ကို ၉ မိုင် ရှိ စစ်ကြောရေးစခန်းသို့ ပို့ဆောင်ခဲ့ပြီး၊ ခုနစ်ရက်ကြာ စစ်ဆေးမေးမြန်း ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ထို့နောက် S-09 အား ရွှေပြည်သာ စစ်ကြောရေးစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး၊ ထပ်မံစစ်ဆေးမေးမြန်းပြီး နောက်ထပ် ခုနစ်ရက်ကြာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ နောက်ဆုံးတွင် S-09 ကို ရန်ကုန် အင်းစိန်ထောင်သို့ ပို့ခဲ့သည်။ |
| **ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ** | ဝါးတုတ်ဖြင့်ရိုက်ခံရသည့် ဒဏ်ရာများ |
| **စိတ်ဒဏ်ရာများ** | အင်တာဗျူးအတွင်း ဖော်ပြထားခြင်းမရှိပါ။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **ကုဒ်နံပါတ်** | **S-10** |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဂျူလိုင်လ ၁၅ရက် ၂၀၂၁ |
| **တည်နေရာ** | ရန်ကုန် |
| **စစ်ကြောရေးကာလ** | ၁၄ ရက် (ဂျူလိုင်လ ၁၅-၂၉ ရက် ၂၀၂၁) |
| **ထောင် ဒဏ်** | - |
| **လွတ်မြောက်သည့်ရက်စွဲ** | စက်တင်ဘာလ ၂၃ ၂၀၂၁ |
| **အင်တာဗျူးသည့်ရက်စွဲ** | စက်တင်ဘာလ ၂၈ ရက် ၂၀၂၂ |
| **ညှဉ်းပန်းနှိပ်စက်သော နည်းလမ်းများ** | TM-02, TM-03, TM-04, TM-06 |

| | |
|---|---|
| **ဖမ်းဆီးခံရသည့် အကြောင်းအရင်း** | S-10 ကို ဇူလိုင်လ ၁၅ ရက်နေ့ ည ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် စစ်တပ်တပ်ဖွဲ့ဝင်များက စစ်ယူနီဖောင်းများဝတ်ဆင်ကာ ၎င်း၏ မိဘများအိမ်တွင် သေနတ်ဖြင့် ချိန်ရွယ်ပြီးဖမ်းဆီးခဲ့သည်။ စစ်တပ်တပ်ဖွဲ့ဝင်များသည် S-10 ကို ၎င်းတို့မည်သူမည်ဝါဖြစ်သည် သို့မဟုတ် ဖမ်းဆီးရခြင်း၏ အကြောင်းရင်းကို မပြောဘဲ ဖမ်းဝရမ်း မပါရှိဘဲဖမ်းခဲ့ခြင်းဖြစ်သည်။ |
| **စစ်ကြောရေးအချိန်** | S-10 ကို ရေကြည်အိုင် စစ်ကြောရေးစခန်းတွင် ၁၄ ရက်ကြာ စစ်ဆေး မေးမြန်းခဲ့သည်။ ထိုနေရာတွင် S-10 သည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်းမျိုးစုံကိုခံခဲ့ရပါတယ်။ S-10 ကို စစ်ဆေးမေးမြန်းပြီးနောက် နယ်မြေရဲစခန်းသို့ ပြန်ပို့ခဲ့ပြီး တစ်လနီးပါး ထိန်းသိမ်းခံခဲ့ရသည်။ ထို့နောက် S-10 ကို ရန်ကုန်အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။ |
| **ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ** | ဒဏ်ရာများနှင့် အညို၊အမည်းများကို ဂွမ်းနှင့် အရက်ပြန်ဖြင့်သာ ကုသခဲ့သည်။ |
| **စိတ်ဒဏ်ရာများ** | အင်တာဗျူးအတွင်း ဖော်ပြထားခြင်းမရှိပါ။ |

ရင်းမြစ် - အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

**ရွေးချယ်ထားသော ညှဉ်းပန်းနှိပ်စက်မှုများ - စစ်တပ်မှ ချုပ်နှောင်ထားစဉ်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခြင်း**

| | |
|---|---|
| **IDနံပါတ်** | **SAI-20220601-01537** |
| **သတ်ဖြတ်ခံရသူအမည်** | စိုင်းထွန်းထွန်းမင်း |
| **အဖမ်းခံရသည့်ရက်စွဲ** | ဖေဖော်ဝါရီလ ၂. ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | ဖေဖော်ဝါရီလ ၃. ၂၀၂၂ |
| **တည်နေရာ:** | ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း |
| **ဖြစ်စဉ်သမိုင်း** | ဖေဖော်ဝါရီလ ၂ ရက်နေ့ ညပိုင်းတွင် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် တီလင်း ရပ်ကွက်ရှိ စိုင်းထွန်းထွန်းဝင်းအား စစ်သားရှစ်ဦး၊ ရဲတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ နေအိမ်တွင် ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့ ည ၉ နာရီခန့်တွင် စစ်ဆေးမေးမြန်းစဉ် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ သူ့တကိုယ်လုံးမှာ ပွန်းပဲ့ဒဏ်ရာတွေရပြီး ဦးခေါင်းခွဲကွဲနေသည်။ အုပ်ချုပ်ရေးမှူးမှ စိုင်းထွန်းထွန်း၏ မိသားစုအား ဖမ်းထားသည့်နေရာကို လိမ်ညာပြောဆိုပြီး၊ ၎င်းသည် ညမထွက်ရအမိန့်ကို ဖောက်ဖျက်၍ အဖမ်းခံရသည်ဟု ပြောခဲ့သည်။ |

ရင်းမြစ် - အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **BAS-20220601-01705** |
| **သတ်ဖြတ်ခံရသူအမည်** | ဦးဘရွှေ |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | မတ်လ ၁၈ ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | မတ်လ ၁၈ ၂၀၂၂ |
| **နေရာ** | ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း |

| | |
|---|---|
| **ဖြစ်စဉ်သမိုင်း** | ၂၀၂၂ ခုနှစ် မတ်လ ၁၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်ကျေးရွာမှ ဦးဘရွှေအား စစ်တပ်နှင့် ပျူစောထီးအဖွဲ့ဝင်များမှ ဖမ်းဆီးခဲ့သည်။ ပျူစောထီးအဖွဲ့ဝင်အိမ်ကို မီးရှို့သည်ဟု စွပ်စွဲခံရသည်။ ရွာဘုန်းကြီးကျောင်းကို ခေါ်သွားပြီး နှိပ်စက်ခဲ့ပါတယ်။ စစ်တပ်မှ သူ့ကို မသတ်ခင် ညှဉ်းပန်းနှိပ်စက်သည့် နည်းမျိုးစုံ သုံးပြီး ပါးစပ်ထဲကို ရေနွေးပူနှင့်လောင်းချပြီး ကျေးရွာစာသင်ကျောင်းမှ လည်ကြီးမြစ်ဆိပ်အထိ ကားဖြင့်ဇောက်ထိုးဆွဲချ သတ်ပစ်ခဲ့သည်။ |

ရင်းမြစ် - အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **HLY-20220601-01849** |
| **သတ်ဖြတ်ခံရသူအမည်** | လျှံခေါင်ရှမ်း |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဧပြီလ ၉ ရက် ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | ဧပြီလ ၁၀ ရက် ၂၀၂၂ |
| **တည်နေရာ** | ကလေး မြို့နယ်၊ စစ်ကိုင်းတိုင်း |
| **ဖြစ်စဉ်သမိုင်း** | ဧပြီလ ၉ ရက်နေ့ ညနေပိုင်းတွင် လျှံခေါင်ရှမ်းသည် နေမကောင်းဖြစ်သောကြောင့် ဆေးခန်းသို့ ကားမောင်းသွားစဉ် ပျောက်ဆုံးသွားခဲ့ပါသည်။ ဧပြီလ (၁၀)ရက်နေ့တွင် ကလေးမြို့တပ်မတော်ဆေးရုံမှ ၎င်း၏ မိသားစုထံ ဆက်သွယ်ပြီး အလောင်းအား ပြန်လည်ထုတ်ယူရန်ပြောခဲ့ရာ သေဆုံးသွားကြောင်းသိရှိရပါသည်။ သူ့ကို သံသယရှိတဲ့ ရဲတွေနဲ့ စစ်သားတွေက ဖမ်းဆီးခဲ့ပြီး စစ်ကြောရေးစခန်းတွင် စစ်ဆေးမေးမြန်းစဉ်မှာ သေဆုံးသွားခဲ့ပါတယ်။ မိသားစုဝင်များက ၎င်း၏ခြေထောက်တွင် သေနတ်ဒဏ်ရာများအပြင် မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများ တွေ့ရှိခဲ့ကြောင်း သက်သေထွက်ဆိုခဲ့သည်။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **HLA-20220727-0001** |
| **သတ်ဖြတ်ခံရသူအမည်** | ဦးလှထူး |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဂျူလိုင်လ ၂၃ ရက် ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | ဂျူလိုင်လ ၂၄ ရက် ၂၀၂၂ |
| **တည်နေရာ** | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **ဖြစ်စဉ်သမိုင်း** | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် NLD ပါတီဝင်ဟောင်း ဦးလှထူးအား ဇူလိုင်လ ၂၃ ရက် ည ၁၁း၃၀ နာရီခန့်က ၎င်း၏နေအိမ်တွင် ရဲတပ်ဖွဲ့နှင့် စစ်တပ်တပ်ဖွဲ့များမှ ဖမ်းဆီးခဲ့သည်။ PDF ကို ထောက်ခံသည်ဟု စွပ်စွဲကာ ဖမ်းဆီးခံခဲ့ရပြီး ဇူလိုင်လ ၂၄ ရက် နံနက်တွင် စစ်ဘက်ဆိုင်ရာ စစ်ကြောရေးစခန်း၌ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုဖြင့် သေဆုံးသွားခဲ့သည်။ ဦးလှထူး ကွယ်လွန်သည့်အကြောင်းကို စစ်တပ်က အကြောင်းကြားပြီး မီးသဂြိုလ်ခဲ့သည်။ မိသားစုဝင်များသည် သူ၏အလောင်းကို မတွေ့ခဲ့ |

| | |
|---|---|
| | ရပါ။ ဦးလှထူးသည် အဖမ်းခံရချိန်၌ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး မင်္ဂလာတောင်ညွန့် ရထားဘူတာရုံရပ်ကွက်တွင် လူမှုကူညီရေး လုပ်ငန်းများဖြင့် လူသိများခဲ့ပါသည်။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **MYO-20220815-00004** |
| **သတ်ဖြတ်ခံရသူအမည်** | ဦးမျိုးကျော် |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဩဂုတ်လ ၂၄၊ ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | မသိရှိပါ။ |
| **တည်နေရာ** | မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ် |
| **အမှုသမိုင်းကြောင်း** | မိုးညှင်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော်အား ဩဂုတ်လ ၂၄ ရက်က မြစ်ကြီးနားမြို့နယ် (၂၁) မိုင် စစ်ဆေးရေးဂိတ်တွင် စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် သူသည် စစ်ကြောရေးစခန်းတွင် သေဆုံးသွားသော်လည်း ၎င်း၏အလောင်းအား ၎င်း၏ မိသားစုထံ ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိသည့်အပြင် သေဆုံးမှုနှင့်ပတ်သက်၍ ၎င်းတို့အား အသိပေးခဲ့ခြင်း မရှိပေ။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **KYA-20220930-0001** |
| **သတ်ဖြတ်ခံရသူအမည်** | ဦးကျော်နိုင်ဝင်း |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | စက်တင်ဘာလ ၂၃ ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | စက်တင်ဘာလ ၂၇ ၂၀၂၂ |
| **တည်နေရာ** | ဝမ်တွင်းမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး |
| **အမှုသမိုင်းကြောင်း** | စက်တင်ဘာလ ၂၃ ရက်တွင် မန္တလေးတိုင်း ဝမ်းတွင်းမြို့မှ ကျောင်းဆရာ ဦးကျော်နိုင်ဝင်းအား ဝမ်းတွင်းမြို့မှ ရဲစခန်းမှ ရဲတပ်ဖွဲ့နှင့် အမှတ် (၉၉) ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်များက စစ်တပ်သတင်းပေးတစ်ဦး၏ သတင်းမှားကို အခြေခံ၍ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဦးကျော်နိုင်ဝင်းသည် CDM တွင် ပါဝင်ခဲ့သော်လည်း စစ်တပ်၏ ဖိအားကြောင့် Non-CDM ဆရာတဦး ဖြစ်လာပြန်သည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဦးကျော်နိုင်ဝင်းသည် မိတ္ထီလာမြို့ စစ်ကြောရေးစခန်းတွင် သေဆုံးသွားခဲ့သည်။ စက်တင်ဘာ ၂၈ ရက်က သူသေဆုံးမှုနှင့်ပတ်သက်၍ ၎င်း၏ မိသားစုထံ အကြောင်းကြားခဲ့သည်။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

**ရောမစာချုပ် ပုဒ်မ ၇ (၁)(ဆ) မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ**

စစ်တပ်၏ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်များရှိခဲ့သော်လည်း၊ ထိုဖြစ်ရပ်များကို သတင်းပေးပို့မှု အလွန်အလွန် နည်းပါးခဲ့သည်။[28] မည်သို့ပင်ဆိုစေကာမူ စစ်တပ်၏ အရပ်သားများအပေါ် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြိမ်ဖန်များစွာ ကျူးလွန်ခဲ့မှုများကို အတည်ပြုနိုင်ခဲ့ပြီး ဖြစ်သည်။[29] ၂၀၂၂ ခုနှစ်အတွင်း ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လူသတ်မှုနှင့်ဆက်စပ်သော အတည်ပြုရန်လိုအပ်သော မုဒိမ်းမှု (၁၁) မှု[30] ဖြစ်ပွားခဲ့ကြောင်း အေအေပီပီမှ မှတ်တမ်းတင်ခဲ့ပြီး၊ အဓိကအားဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး တို့တွင် ဖြစ်ပွားခဲ့သည်။ သေဆုံးသူများမှာ အရွယ်ရောက်ပြီးသူ အမျိုးသမီး (၅) ဦးနှင့် အသက် ၁၈ နှစ်အောက် မိန်းကလေး (၅) ဦးတို့ ဖြစ်သည်။ မုဒိမ်းမှုကျူးလွန်ခံရသူ အမျိုးသမီးတစ်ဦး၏ အသက်ကို အေအေပီပီ မှ အတည်မပြုနိုင်သေးပါ။ အဆိုပါ ကျူးလွန်ခံရသူသုံးဦး၏ ဖြစ်ရပ်များကို အောက်တွင်ဖော်ပြထားသည်။

**ရွေးချယ်ထားသော အမှုတွဲများ - လူသတ်မှုနှင့် ဆက်စပ်၍ မုဒိမ်းကျင့်ခံရသူများ**

| | |
|---|---|
| **IDနံပါတ်** | **HTE-20220601-01568 & KHI-20220601-01570** |
| **သတ်ဖြတ်ခံရသူအမည်** | ထက်နေခြည်မင်းနှင့် ခင်စော |
| **အသက်** | ၂၂ နှစ် နှင့် ၄၉ နှစ် |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | ဖေဖော်ဝါရီလ ၂၃ ရက်၊ ၂၀၂၂ |
| **တည်နေရာ** | ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း |
| **ဖြစ်စဉ်သမိုင်း** | ခင်စောနှင့် ထက်နေခြည်မင်းတို့သည် စစ်တပ်၏ စစ်သားများ၏ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် မင်းကုန်းကျေးရွာတွင် နေထိုင်ကြသည်။ ထက်နေခြည်မင်းသည် CDM တွင် ပါဝင်ပတ်သက်မှုကြောင့် ဖမ်းဆီးခံရခြင်းမှ တိမ်းရှောင်နေသူဖြစ်သည်။ ဖေဖော်ဝါရီလ ၂၃ ရက်က တောင်ဖီကျေးရွာတောင်ကုန်းတွင် ၎င်းတို့ အလောင်းကို ဒေသခံရွာသားများက တွေ့ရှိခဲ့ပြီး လက်နှစ်ဖက်ကို ကြိုးတုပ်ကာ လည်ပင်းနှင့် လက်တို့တွင် ဓားဒဏ်ရာများ တွေ့ရှိခဲ့သည်။ ၎င်းတို့အား အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့သည်ဟု သတင်းများထွက်ပေါ် ခဲ့သော်လည်း ယင်းအချက်အလက်များကို သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါ။ |

ရင်းမြစ် - အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **IDနံပါတ်** | **AYE-20220601-01625** |
| **သတ်ဖြတ်ခံရသူအမည်** | ဒေါ်အေးအေးဝင်း |
| **အသက်** | ၄၂နှစ် |

[28] IIMM 2022 Report, *supra* note 2, para. 14 ("Despite these obstacles, since the military takeover on 1 February 2021, the Mechanism has collected information relating to the commission of sexual and gender-based crimes against women, girls, men, boys and members of the lesbian, gay, bisexual, transgender and intersex community, including crimes perpetrated by members of the security forces. . . . . Such crimes are among the gravest international crimes but are also historically underreported or underinvestigated, warranting targeted outreach, collection and dedicated expertise to be properly investigated and, ultimately, prosecuted.").

[29] *See* WOMEN OF BURMA, SAME IMPUNITY, SAME PATTERN (2014), https://www.womenofburma.org/sites/default/files/2018-06/2014_Jan_SameImpunitySamePattern_English-final.pdf; UNITED NATIONS, UNHEARD VOICES: QUALITATIVE RESEARCH ON CONFLICT-RELATED SEXUAL VIOLENCE IN MYANMAR (2016-2021), 45 (2022), https://www.un.org/sexualviolenceinconflict/wp-content/uploads/2022/08/report/auto-draft/Unheard-Voices-Research-Report.pdf.

[30] "Rape in conjunction with murder" refers to cases where the victim was raped either before or after being killed.

| | |
|---|---|
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | မတ်လ ၅ ရက် ၂၀၂၂ |
| **သေဆုံးသည့်ရက်စွဲ** | မတ်လ ၅ ရက် ၂၀၂၂ |
| **တည်နေရာ** | ပေါက်မြို့နယ်၊ မကွေးတိုင်း |
| **ဖြစ်စဉ်သမိုင်း** | မတ်လ ၅ ရက်နေ့ ညနေပိုင်းက မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းငယ်ဒေါင့်ကျေးရွာကို စစ်တပ်တပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ ထွက်ပြေးရန် ပြင်ဆင်နေစဉ် အသက် (၄၂) နှစ်အရွယ် ဒေါ်အေးအေးဝင်းနှင့် (၃) နှစ်သမီးဖြစ်သူ ရတီမိုးတို့ကို စစ်တပ်တပ်သားများမှ ဖမ်းဆီးခဲ့သည်။ မအေးအေးဝင်းသည် မုဒိမ်းကျင့်ခံရပြီး ၎င်း၏အိမ်ရှေ့ဇရပ်တွင် သတ်ဖြတ်ခဲ့သည်။ ရတီမိုးသည် ရင်ဘတ်တွင် ဓားထိုးခံရကြောင်း ဒေသခံအသိုင်းအဝိုင်းမှ သိရသည်။ ထို့အပြင် မအေးအေးဝင်း၏သမီး သင်းသင်းမိုး (၁၁) နှစ်ကိုလည်း စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အလောင်းကို ရွာအနီးရှိ ချောင်းတစ်ခုတွင် တွေ့ရှိခဲ့သည်။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

**ရွေးချယ်ထားသော အမှုအခင်းအကျဉ်းများ - စစ်ဆေးမေးမြန်းမှုအတွင်း အဓမ္မပြုကျင့်ခံရသော အသက်ရှင်ကျန်ရစ်သူများ**

တွေ့ဆုံမေးမြန်းမှုများမှတဆင့် စစ်ကြောရေးတွင်မုဒိမ်းကျင့်ခံခဲ့ရပြီး အသက်ရှင်လျက်ပြန်လည်လွတ်မြောက်လာသူ နိုင်ငံရေးအကျဉ်းသားများရှိသည်ကို အေအေပီပီက လေ့လာသိရှိခဲ့ရသည်။ အောက်ဖော်ပြပါ ဖြစ်စဉ်နှစ်ခုကို ကာယကံရှင်များ၏ သဘောတူညီချက်ဖြင့် ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

| | |
|---|---|
| **ကုဒ်နံပါတ်** | **R-01 (aka S-02 herein)** |
| **အသက်** | ၂၂ နှစ် |
| **ကျား/မ** | LGBT; ကျား |
| **ဖမ်းဆီးခံရသည့်ရက်စွဲ** | မေလ ၇ ရက် ၂၀၂၁ |
| **လွတ်မြောက်သည့်ရက်စွဲ** | အောက်တိုဘာလ ၁၉ရက် ၂၀၂၁ |
| **တည်နေရာ** | နယ်မြေ ရဲစခန်း၊ ရန်ကုန်တိုင်း |
| **ဖြစ်စဉ်သမိုင်း** | R-01 ကို ရန်ကုန်မှာ ဆန္ဒပြစဉ် ဖမ်းဆီးခံခဲ့ရပြီးနောက် နယ်မြေရဲစခန်းတွင် စစ်ဆေးမေးမြန်းရန် ခေါ်ဆောင်သွားခဲ့သည်။ ရဲစခန်းတွင် စစ်ဆေးမေးမြန်းမှုအတွင်း R-01 ဟုလည်းသိကြသည့် S-02 ကို စစ်သားများက ပြင်းထန်စွာနှိပ်စက်ခဲ့သည်။ R-01 သည် လိင်စိတ်ခံယူမှုကွဲပြားသူဖြစ်ကြောင်း စစ်သားများက သိရှိသွားပြီး၊ ၁၀ စတုရန်းပေ ကျယ်ဝန်းသော အချုပ်ခန်းတစ်ခုတွင် "မင်းနဲ့ လိင်ဆက်ဆံချင်တဲ့ ရာဇဝတ်ကောင်တွေ ရှိနေတယ်" လို့ စတင် ခြိမ်းခြောက်ခဲ့ပါတယ်။ လေဝင်လေထွက်ပေါက်ငယ်လေးမှ အလင်းရောင်မှလွဲ၍ အချုပ်ခန်းသည် မှောင်နေပါသည်။ စစ်ဆေးမေးမြန်းပြီးနောက် R-01 ကို အချုပ်ခန်းထဲသို့ သွင်းလိုက်သောအခါ ရာဇဝတ်သား သုံးဦးရှိနေပြီဖြစ်သည်။ ထို့နောက် စစ်သားတစ်ဦးက ရာဇဝတ်ကောင်များအား သူ့ကို မုဒိမ်းကျင့်ရန် အားပေးတိုက်တွန်းခဲ့သည်။ |

ရင်းမြစ်- အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

| | |
|---|---|
| **ကုဒ်နံပါတ်** | **R-02** |
| **အသက်** | ၃၀ |
| **ကျား/မ** | ကျား |
| **ဖမ်းဆီးခံရသည့် ရက်စွဲ** | ဒီဇင်ဘာ ၁၂ ၂၀၂၁ |
| **လွှတ်မြောက်သည့်ရက်စွဲ** | ဒီဇင်ဘာ ၂၀ ၂၀၂၁ |
| **တည်နေရာ** | စစ်ကြောရေးစခန်း၊ ရန်ကုန် |
| **အမှုသမိုင်းကြောင်း** | R-02 ကို ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် ဖမ်းဆီးခဲ့ပြီး ထိုအချိန်က COVID-19 ကန့်သတ်ချက်ကြောင့် quarantine စင်တာသို့ ပို့ဆောင်ခဲ့သည်။ ထို့နောက် R-02 ကို လက်ထိပ်ခတ်ပြီး မျက်လုံးကို အနက်ရောင်အဝတ်ဖြင့် ဖုံးအုပ်ကာ ထိုနေ့တွင်ပင် အမည်မသိနေရာရှိ စစ်ကြောရေးစခန်းသို့  ပို့ဆောင်ခဲ့သည်။ မကြာမီတွင် စစ်ဆေးမေးမြန်းမှု စတင်ခဲ့သည်။ R-02 သည် တစ်နာရီကြာ ရိုက်နှက်ခံခဲ့ရပြီး ၎င်း၏ အလုပ်နှင့်ပတ်သက်သည့် အချက်အလက်များကို မေးမြန်းခဲ့သည်။ ထို့နောက် R-02 အား quarantine စင်တာသို့ နံနက် ၂ နာရီတွင် ပြန်လည်ပို့ဆောင်ခဲ့သည်။ နောက်တစ်နေ့တွင် R-02 သည် တစ်ညလုံး ပိုမိုပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းမှုကို  ခံနိုင်ရည်ရှိခဲ့သည်။ စစ်ကြောရေးသုံးရက်မြောက်နေ့ (ဒီဇင်ဘာ ၁၄ ရက်) တွင် စစ်သားများသည် R-02 အား ဘေးအခန်းတွင် နာကျင်စွာအော်နေသော အမျိုးသမီးတစ်ဦးနှင့် လိင်ဆက်ဆံရန် တိုက်တွန်းခဲ့သည်။ R-02 ငြင်းဆန်လျှင် နောက်ဆက်တွဲ အကျိုးဆက်တွေ ကြုံရနိုင်တယ်လို့ ပြောခဲ့ပါတယ်။ R-02 သည် အခြားအကျဉ်းသားများနှင့် လိင်ဆက်ဆံရန် ငြင်းဆိုသောအခါ စစ်သားများသည် R-02 ကို တစ်နာရီကြာ အဓမ္မ ပြုကျင့်ခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စစ်တပ်မှ အကြီးတန်းအရာရှိတစ်ဦးနှင့် ရဲအရာရှိတစ်ဦးတို့သည် R-02 ကို ထိန်းသိမ်းထားသော quarantine စင်တာသို့ ရောက်ရှိလာပြီး R-02 ဖက်က မုဒိမ်းကျင့်ခံရမှုကို ဖော်ထုတ်ခြင်းမပြုလျှင် တရားဆွဲဆိုမှုအား ရုတ်သိမ်းကာ လွှတ်ပေးမည်ဟု ညှိနှိုင်းခဲ့သည်။ R-02 ကို ဒီဇင်ဘာ ၂၀ ရက်နေ့တွင် quarantine စင်တာမှ  ပြန်လွှတ်ပေးခဲ့သည်။ |

ရင်းမြစ်-  အေအေပီပီ မှတ်တမ်းနှင့်သုတေသနဌာန

### ***ရောမစာချုပ် ပုဒ်မ ၇ (၁)(ဇ) ဖိနှိပ်ရက်စက်မှု***

IIMM ၏ အဆိုအရ မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ် ဖိနှိပ်ညှဉ်းပန်းမှု ကျူးလွန်ခဲ့ကြောင်း အထောက်အထားများက ညွှန်ပြနေသည်။[31] အလားတူ အေအေပီပီ၏ အချက်အလက်များအရ မြန်မာနိုင်ငံရှိ ပြည်သူများအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးအကျဉ်းကျခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများတွင် စစ်တပ်အားဆန့်ကျင်ခြင်းနှင့် ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ခံခြင်း အပါအဝင် ၎င်းတို့၏ နိုင်ငံရေး အမြင်သဘောထားများကြောင့် အရပ်သားများသည် စစ်တပ်က ပစ်မှတ်ထားခြင်းကို ခံကြရသည်။[32] စစ်တပ်၏ ဖိနှိပ်ရက်စက်မှုများတွင် ပိုင်ဆိုင်မှုများကို မတရားသိမ်းဆည်းခြင်းများပါဝင်ပြီး၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဒီမိုကရေစီအရေး ထောက်ခံသူများအပေါ် အဆိုပါသိမ်းဆည်းမှုများ၏ သက်ရောက်မှုများမှာလည်း ထပ်မံပေါ်ပေါက်လာသော အလေးထားသတိပြုစရာအချက် ဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း စစ်တပ်သည် မြန်မာနိုင်ငံရှိ ဒီမိုကရေစီအရေး ထောက်ခံသူများကို ဖိနှိပ်ရက်စက်မှု နည်းလမ်းတစ်ခုအဖြစ် ၎င်းတို့၏ပိုင်ဆိုင်မှုကို မတရားသိမ်းဆည်းခြင်းများ ပြုလုပ်ခဲ့သည့် အထောက်အထားများကို အေအေပီပီက စုဆောင်းခဲ့သည်။ အေအေပီပီသည် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း (၁၃၂) မြို့နယ် သို့မဟုတ် တစ်နိုင်ငံလုံး၏ (၄၀) ရာခိုင်နှုန်းတွင် နေအိမ်၊ အဆောက်အဦနှင့် အကြီးစားပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းကို လုပ်ဆောင်ခဲ့ကြောင်း စိစစ်အတည်ပြုနိုင်ခဲ့သည်။ အဆိုပါ သိမ်းဆည်းမှုများကြောင့် ဒီမိုကရေစီအရေးထောက်ခံသူ (၄၁၉) ဦး ထက်မနည်း ထိခိုက်ခဲ့ပြီး၊ အများစုမှာ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုရှိသော အရပ်သားပြည်သူများ ဖြစ်ကြသည်။ ၎င်းတို့ထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင် (၈၉) ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် (၉၉) ဦးတို့ ပါဝင်သည်။ ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်သည် အရပ်သားများ၏ နေအိမ်၊ အဆောက်အဦနှင့် အကြီးစားပစ္စည်းဥစ္စာ ကဲ့သို့သော ပိုင်ဆိုင်မှု အနည်းဆုံး (၃၇) မျိုးကို သိမ်းဆည်းခဲ့ပြီး၊ ဇယား ၈ တွင် ဖော်ပြထားသည့်အတိုင်း မရွှေ့မပြောင်းနိုင်သောနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း စုစုပေါင်း (၅၃၄) ခုကို သိမ်းဆည်းခဲ့သည်။[33] စစ်တပ်သည် အရပ်သားပိုင်ဆိုင်သော နေအိမ်များကို သိမ်းဆည်းရုံမျှမက ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ၊ မော်တော်ယာဉ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ဆေးခန်းများ၊ ဂိုဒေါင်များနှင့် ရပ်ရွာအကျိုးပြု အဆောက်အဦများကိုလည်း သိမ်းဆည်းခဲ့သည်။ အဆိုပါသိမ်းဆည်းမှုများနှင့်ပတ်သက်သည့် အထောက်အထားများ စုဆောင်းရာတွင် ၎င်းတို့၏ နေအိမ်၊ အဆောက်အဦနှင့် အကြီးစားပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများကို စစ်တပ်၏ သိမ်းဆည်းခဲ့သော ဒီမိုကရေစီအရေး ထောက်ခံသူ (၂၀) ဦးနှင့် အေအေပီပီက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အေအေပီပီ၏ မှတ်တမ်းများအရ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားမှုများ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်ဖြစ်မှုကြောင့် အရပ်သားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းရန် ဖမ်းဝရမ်းထုတ်ခြင်းနှင့် မကြာခဏ ဆက်နွယ်ဖြစ်ပွားလေ့ရှိသည်။[34] တိမ်းရှောင်နေချိန်အတွင်း ၎င်းတို့၏ပိုင်ဆိုင်မှုများ သိမ်းဆည်းခံခဲ့ရသော နစ်နာဆုံးရှုံးသူ အရပ်သားများနှင့် အေအေပီပီက တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံ၍ အဆိုပါသိမ်းဆည်းခံရသော ၎င်းတို့ပိုင်ဆိုင်မှုများရှိသည့်နေရာသို့ ပြန်လည်ရောက်ရှိပါက ထိန်းသိမ်းခံရနိုင်ဖွယ်ရှိသောကြောင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ပြန်လည်ရယူရန် အခွင့်အလမ်းမရှိပါ။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များသည် ဒီမိုကရေစီအရေး ထောက်ခံသူများကို ပစ်မှတ်ထားသည့် စစ်တပ်၏ ပိုင်ဆိုင်မှုသိမ်းဆည်းခြင်းအပေါ် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ အစပျိုး ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

---

[31] IIMM 2022 Report, *supra* note 2, para. 7.

[32] အေအေပီပီ, *supra* note 14, paras. 156-58.

[33] ဤအချက်အလက်များကို အေအေပီပီ မှ ပြုစုထားခြင်းဖြစ်သည်။ အမှန်တကယ် အရေအတွက်မှာ ပို၍များပြားနိုင်ပါသည်။

[34] ၂၀၂၁ ခုနှစ် မေလတွင် စစ်တပ်သည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို အသုံးပြုပြီး NUG ၊ CRPH နှင့် PDF တို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာပြီးနောက်ပိုင်း ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်းကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

**စစ်တပ်သိမ်းဆည်းခဲ့သော ပိုင်ဆိုင်မှု အမျိုးအစားများ (၂၀၂၂)**

| ကဏ္ဍ | ပိုင်ဆိုင်မှု အမျိုးအစားများ | အရေအတွက် |
|---|---|---|
| အိုးအိမ် | 1. အိမ် | ၄၃၅ |
| | 2. တိုက်ခန်း | ၇ |
| | 3. ကွန်ဒိုအိမ်ခန်း | ၁ |
| အစားအသောက် စီးပွားရေး | 4. စားသောက်ဆိုင် | ၅ |
| | 5. လက်ဖက်ရည်ဆိုင် | ၄ |
| | 6. ဘီယာဆိုင် | ၁ |
| ကျန်းမာရေး | 7. ပုဂ္ဂလိက ဆေးရုံ | ၁ |
| | 8. ပုဂ္ဂလိက ဆေးခန်း | ၄ |
| ပညာရေး | 9. ပုဂ္ဂလိက ကျောင်း | ၂ |
| | 10. မိဘမဲ့ ကလေး အိမ်ရာ | ၁ |
| ဆိုင်ခန်း | 11. ကွန်ပျူတာ ၊ ကော်ပီကူးဆိုင် | ၂ |
| | 12. ရွှေဆိုင် | ၁ |
| | 13. ဖက်ရှင်ဆိုင် | ၂ |
| | 14. ကုန်ပစ္စည်းရောင်းဆိုင် | ၁၀ |
| | 15. လက်ကားဆိုင် | ၁ |
| | 16. ထီဆိုင် | ၁ |
| | 17. စာပုံနှိပ်စက် | ၁ |
| | 18. မုန့်ဆိုင် | ၁ |
| စီးပွားရေးလုပ်ငန်း | 19. ရတနာပစ္စည်းအရောင်းဆိုင် | ၁ |
| | 20. ကုန်စုံဆိုင် | ၁ |
| | 21. ဂတ်စ်၊ ဆီ ဖြည့်ဆိုင် | ၁ |
| | 22. ကုန်လှောင်ရုံ | ၄ |
| | 23. တည်းခိုခန်း | ၂ |
| | 24. အသံသွင်း စတူဒီယို | ၁ |
| | 25. ဆန်ကြိတ်စက်ရုံ | ၁ |
| ရုပ်ရှာအကျိုးပြု စင်တာ | 26. ရုပ်ရှာအကျိုးပြုအဆောက်အဦ | ၁ |
| | 27. ရုပ်ရှာကယ်ဆယ်ရေးအဆောက်အဦ | ၁ |

| | | |
|---|---|---|
| ကား | 28. အဝေးပြေးကား | ၃ |
| | 29. ကိုယ်ပိုင်ကား | ၁၀ |
| | 30. ထရပ်ကား | ၁၄ |
| | 31. ဘက်ဖိုး (ထွန်စက်) | ၅ |
| | 32. ရေသယ်ကား | ၂ |
| စက်ပစ္စည်း ပြုပြင်ဆိုင် | 33. အလုပ်ရုံ | ၂ |
| | 34. ဆိုင်ကယ် ပြင်ဆိုင် | ၂ |
| မြေ | 35. စီးပွားရေးသုံး | ၁ |
| | 36. တကိုယ်ရေသုံး | ၆ |
| သာသနာရေးအဆောက်အအုံ | 37. ဘုန်းကြီးကျောင်း | ၁ |
| | | ၅၃၄ |

***ဇယား ၈*** *- စစ်တပ်သိမ်းဆည်းခဲ့သော ပိုင်ဆိုင်မှု အမျိုးအစားများ (၂၀၂၂)*


**ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စစ်တပ်မှ ပိုင်ဆိုင်မှုများသိမ်းဆည်းခံခဲ့ရသူ ဦးရေ (၂၀၂၂)**

| တိုင်း၊ ပြည်နယ် | သက်ရောက်သော မြို့နယ်များ | လူဦးရေအရေအတွက် |
|---|---|---|
| ကချင် | ၇ (၃၈.၉%) | ၂၀ |
| ကယား | အချက်အလက်မရရှိပါ | အချက်အလက်မရရှိပါ |
| ကရင် | ၂ (၂၈.၆%) | ၈ |
| ချင်း | ၂ (၂၂.၂%) | ၇ |
| မွန် | ၈(၈၀%) | ၂၈ |
| ရခိုင် | မရရှိပါ | မရရှိပါ |
| ရှမ်း | ၇(၁၁.၇%) | ၁၃ |
| စစ်ကိုင်း | ၂၆ (၇၀.၃%) | ၁၀၀ |
| မကွေး | ၁၁ (၄၄%) | ၄၄ |
| မန္တလေး | ၁၄(၅၀%) | ၃၄ |
| ပဲခူး | ၁၇(၆၀.၇%) | ၆၀ |
| ရန်ကုန် | ၂၆(၅၅.၃%) | ၇၉ |
| တနင်္သာရီ | ၂ (၂၀%) | ၆ |
| ဧရာဝတီ | 9 (34.6%) | ၁၉ |
| နေပြည်တော် | ၁ (၁၂.၅%) | ၆ |
| | **၁၃၂ (၄၀%)** | **၄၁၉** |


***ဇယား ၉*** *- ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စစ်တပ်မှ ပိုင်ဆိုင်မှုများသိမ်းဆည်းခံခဲ့ရသူ ဦးရေ (၂၀၂၂)*

အေအေပီပီသည် ပိုင်ဆိုင်မှု သိမ်းယူခြင်းခံရသူ (၄၁၉) ဦး၏ လူပုဂ္ဂိုလ်အမျိုးအစားများကို အတည်ပြုရန် လုပ်ဆောင်ခဲ့ပြီး၊ အများစုမှာ NUG ကို ထောက်ခံပြီး စစ်တပ်ကို ဆန့်ကျင်သည့် အရပ်သားပြည်သူများဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ပိုင်ဆိုင်မှုသိမ်းယူခြင်းနှင့် ပတ်သက်၍ စစ်တပ်က အဓိကပစ်မှတ်ထား သူများထဲတွင် လွှတ်တော်ကိုယ်စားလှယ်များ ၊ NLD ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ အဆိုတော်များ၊ သရုပ်ဆောင်များ၊ ရုပ်ရှင်ဒါရိုက်တာများ၊ အလှမယ်ပြိုင်ပွဲများ၊ မော်ဒယ်များနှင့် မိတ်ကပ် အနုပညာရှင်များ အစရှိသည့် ရန်ကုန်မြို့မှ နာမည်ကြီး အနုပညာရှင်များ ဖြစ်သည်။ လူပေါင်း (၄၁၉) ဦးတွင် နောက်ခံသမိုင်းကြောင်းကို မသိရသေးသော သို့မဟုတ် သိသော်လည်း ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမျိုးအစားများတစ်ခုနှင့် အံမဝင်သော လူပေါင်း (၁၃၆) ဦး ပါဝင်ပါသည်။ ပုံကားချပ် ၉ တွင် ၎င်းတို့ကို "အရပ်သား" အဖြစ် ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်အတွင်း စစ်တပ်သည် ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်းကို ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ နှင့် မေလတို့တွင် အရှိန်မြင့် လုပ်ဆောင်ခဲ့ကြောင်း အေအေပီပီ၏ မှတ်တမ်းများက ဖော်ပြလျက်ရှိသည်။ ဇယား ၁၀ နှင့် ၁၁ တို့တွင် ဖော်ပြထားသည့်အတိုင်း အရပ်သားများ၏ ပိုင်ဆိုင်မှုများ သိမ်းယူရာတွင် စစ်ကိုင်း၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးလုပ်ဆောင်ခဲ့ပြီး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့က နောက်မှလိုက်သည်။ ခြုံငုံကြည့်လျှင် ပိုင်ဆိုင်မှုသိမ်းယူခြင်းသည် အဆိုပါဒေသများတွင် စစ်တပ်ကို ဆန့်ကျင်ခြင်းနှင့် ဆက်နွယ်နေကြောင်း အေအေပီပီ၏ အချက်အလက်များက ဖော်ပြနေပါသည်။




***ပုံကားချပ် ၈*** - *စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းခံခဲ့ရသော ပုဂ္ဂိုလ်အမျိုးအစားများ (၂၀၂၂)*




***ပုံကားချပ် ၉*** - *စစ်တပ်မှ ပိုင်ဆိုင်မှုများသိမ်းဆည်းခြင်း လအလိုက် အရေအတွက် (၂၀၂၂)*

**၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပိုင်ရှင်အမျိုးအစားများ)**

| ပြည်နယ်/ တိုင်းဒေသကြီး | အရပ်သား | လွှတ်တော်ကိုယ်စားလှယ် | နိုင်ငံရေးပါတီ | အနုပညာရှင် | တော်လှန်ရေးသမား | တက်ကြွလှုပ်ရှားသူ | အစိုးရမဟုတ်သောအဖွဲ့အစည်း | ဆရာ၊ ဆရာမများ | ပြည်သူ့ဝန်ထမ်း | ဆေးဘက်ဆိုင်ရာ | မီဒီယာ | ဘာသာရေးခေါင်းဆောင် | ရှေ့နေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | ၂ | ၁၂ | ၄ | | | | ၁ | | ၁ | | | | | ၂၀ |
| ကယား | | | | | | | | | | | | | | - |
| ကရင် | ၁ | | ၂ | | | ၂ | ၁ | | | ၁ | ၁ | | | ၈ |
| ချင်း | ၃ | ၂ | | | ၁ | | ၁ | | | | | | | ၇ |
| မွန် | ၁၃ | ၆ | ၆ | | ၂ | ၁ | | | | | | | | ၂၈ |
| ရခိုင် | | | | | | | | | | | | | | - |
| ရှမ်း | ၆ | ၅ | ၂ | | | | | | | | | | | ၁၃ |
| စစ်ကိုင်း | ၃၃ | ၂၈ | ၁၅ | | ၈ | ၆ | ၂ | ၃ | ၄ | ၁ | | | | ၁၀၀ |
| မကွေး | ၂၅ | ၁၂ | ၂ | | ၂ | ၃ | | | | | | | | ၄၄ |
| မန္တလေး | ၁၃ | ၃ | ၁၀ | | ၁ | | ၁ | ၁ | ၁ | ၂ | | ၂ | | ၃၄ |
| ပဲခူး | ၂၁ | ၁၂ | ၂၁ | | ၁ | ၂ | | ၂ | | | | | ၁ | ၆၀ |
| ရန်ကုန် | ၁၄ | ၁၁ | ၁၆ | ၂၆ | ၃ | ၁ | ၃ | ၁ | ၁ | ၁ | ၂ | | | ၇၉ |
| တနင်္သာရီ | | ၁ | ၅ | | | | | | | | | | | ၆ |
| ဧရာဝတီ | ၅ | ၆ | ၆ | | | | | ၁ | | | ၁ | | | ၁၉ |
| နေပြည်တော် | | ၁ | | | | | | | | | | | | ၁ |
| | **၁၃၆** | **၉၉** | **၈၉** | **၂၆** | **၁၈** | **၁၅** | **၉** | **၈** | **၇** | **၅** | **၄** | **၂** | **၁** | **၄၁၉** |

***ဇယား ၁၀*** *- ၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပိုင်ရှင်အမျိုးအစားများ)*

***၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လစဉ် ဖော်ပြမှု)***

| ပြည်နယ်၊ တိုင်းများ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | လမသိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကချင် | | | | | ၃ | ၄ | ၆ | ၄ | ၁ | ၂ | | | | ၂၀ |
| ကယား | | | | | | | | | | | | | | - |
| ကရင် | | ၅ | | ၂ | | ၁ | | | | | | | | ၈ |
| ချင်း | ၂ | | ၄ | | ၁ | | | | | | | | | ၇ |
| မွန် | | ၉ | ၂ | | | 2 | ၄ | ၅ | ၅ | ၁ | | | | ၂၈ |
| ရခိုင် | | | | | | | | | | | | | | - |
| ရှမ်း | ၃ | ၁ | ၁ | | | ၂ | | ၅ | | | | ၁ | | ၁၃ |
| စစ်ကိုင်း | ၅၀ | ၇ | ၁၃ | ၃ | ၉ | | ၃ | ၂ | ၁ | | ၂ | ၂ | ၈ | ၁၀၀ |
| မကွေး | ၈ | ၇ | ၁ | ၁ | ၁၈ | ၂ | ၁ | ၁ | ၁ | | ၂ | ၂ | | ၄၄ |
| မန္တလေး | ၂ | ၁၄ | ၁ | ၁ | ၄ | ၃ | ၂ | ၁ | ၁ | ၄ | ၁ | | | ၃၄ |
| ပဲခူး | ၂ | ၆ | ၁၃ | ၈ | ၄ | ၁၁ | ၈ | ၇ | | | ၁ | | | ၆၀ |
| ရန်ကုန် | ၅ | ၄၂ | ၁၅ | ၆ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၁ | | | ၇၉ |
| တနင်္သာရီ | ၁ | | | ၅ | | | | | | | | | | ၆ |
| ဧရာဝတီ | ၂ | ၅ | ၄ | | ၃ | ၁ | ၁ | | ၂ | | ၁ | | | ၁၉ |
| နေပြည်တော် | ၁ | | | | | | | | | | | | | ၁ |
| | **၇၆** | **၉၆** | **၅၄** | **၂၆** | **၄၃** | **၂၇** | **၂၇** | **၂၉** | **၁၂** | **၈** | **၈** | **၅** | **၈** | **၄၁၉** |

***ဇယား ၁၁ -*** *၂၀၂၂ ခုနှစ်အတွင်း စစ်တပ်မှ ပိုင်ဆိုင်မှုများ သိမ်းယူမှုအခြေအနေ (ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လစဉ်ဖော်ပြမှု)*

## နိဂုံး

အေအေပီပီကပြုစုထားသော မှတ်တမ်းများကဖော်ပြထားသည့်အတိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မအောင်မြင်သော အာဏာသိမ်းမှုဖြစ်ပွားကတည်းက စစ်တပ်သည် အရပ်သားများကို တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးအကျဉ်းချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး၊ ပြည်သူတို့၏ ပိုင်ဆိုင်မှုများကိုလုယက်ခြင်း၊ သိမ်းဆည်းခြင်းတို့ ကျူးလွန်ခဲ့သည်။ ယနေ့ထိတိုင် စစ်တပ်၏ မရပ်မနား ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူမှုဘဝများနှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဖျက်ဆီးနေဆဲဖြစ်သည်။ စစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများအတွက် တရားမျှတမှုကို ရှာဖွေရာတွင် စစ်တပ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေမည့် တရားရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြန်မာပြည်သူများသည် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ ပြတ်ပြတ်သားသား ထောက်ခံကူညီမှုများ လိုအပ်နေပါသည်။ အဆိုပါ စစ်ရာဇဝတ်မှုများကို မြေပြင်တွင် တိုက်ရိုက်ကျူးလွန်သည့် စစ်သားများကို မသိရသော်လည်း၊ အဆိုပါပုဂ္ဂိုလ်များသည် စစ်တပ်၏ အမိန့်ပေးကွပ်ကဲ ထိန်းချုပ်မှုနှင့် စစ်တပ်၏ အမိန့်ပေးအရာရှိများအောက်တွင် ကျူးလွန်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှုများတွင် စစ်တပ်၏ရာဇဝတ်မှုများအတွက် အစီရင်ခံစာ၏နောက်ဆုံးပိုင်း၌ အမည်နှင့်တကွ ဖော်ပြထားသော တာဝန်ရှိခေါင်းဆောင်များအား ဒဏ်ခတ်အရေးယူမှုများနှင့် တရားစွဲဆိုခြင်းများ ပါဝင်သင့်သည်။

တာဝန်ခံမှုသေချာစေရေးသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းဖြစ်ပြီး၊ ထို့အတွက် အေအေပီပီနှင့် ဒီမိုကရေစီအရေးလိုလားသော မဟာမိတ်များက နီးနီးကပ်ကပ် လုပ်ဆောင်နေသည့်လုပ်ငန်းစဉ် ဖြစ်သည်။ နွေဦးတော်လှန်ရေး ကြာရှည်လာသည်နှင့်အမျှ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ခံမှုရှိစေရန် အရပ်ဘက် အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းပြုစုသည်လုပ်ငန်းသည် အရေးပါနေဦးမည် ဖြစ်သည်။ ရှေ့ဆက်၍လည်း အေအေပီပီသည် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း၊ ယုံကြည်ထိုက်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေခြင်းဖြင့် မြန်မာပြည်သူများ၏ ကြိုးပမ်းမှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်သည်။ အမှန်စင်စစ် စစ်တပ်ကို တရားဥပဒေ၏စီရင်မှုရှေ့မှောက် ပို့ဆောင်နိုင်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်း၏ ကျယ်ပြန့်သော မှတ်တမ်းပြုစုရေး ကြိုးပမ်းမှုများ - သို့မဟုတ် အဆိုပါ ကြိုးပမ်းမှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှု မရှိလျှင် တာဝန်ခံမှုဆိုသည်မှာလည်း ရှိလာနိုင်မည် မဟုတ်ပါ။

ဤအစီရင်ခံစာထုတ်ပြန်ခြင်းအပေါ် အေအေပီပီ၏ အတွင်းရေးမှူး ဦးတိတ်နိုင်မှ အောက်ပါအတိုင်း မှတ်ချက်ပြုပြောကြားသည်။

*"အဖွဲ့အစည်း ထူထောင်ခဲ့တဲ့ ၂၃ နှစ်တာ ကာလအတွင်း အေအေပီပီဟာ လူ့အခွင့်အရေး ကျူးလွန်မှုအမှုပေါင်းများစွာကို သက်သေအထောက်အထားခိုင်လုံစွာနဲ့ ကောက်ယူမှတ်တမ်းတင်ခဲ့ပါတယ်။ သို့သော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း မြန်မာစစ်တပ်က လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုများဟာ အကြမ်းတမ်းဆုံးနဲ့ အရက်စက်ဆုံး စံချိန်တင် ကျူးလွန်ခဲ့ကြောင်း ဒီ အစီရင်ခံစာက သက်သေပြနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများက မြန်မာစစ်တပ်ရဲ့ ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုများအတွက် ထိရောက်တဲ့အရေးယူမှုတွေကို ချက်ချင်းမဆောင်ရွက်နိုင်ရင် အခုထက်ဆိုးတဲ့ ရာဇဝတ်မှုပြစ်မှုတွေကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လာမှာ အသေအချာပါ။ ဒါကြောင့် အပြစ်မဲ့ လူသားတွေရဲ့ အကျိုးကို ရှေ့ရှုပြီး လက်တွေ့ကျတဲ့ ပြစ်ဒဏ်စီရင်ခြင်းကို နိုင်ငံတကာ အသိုင်းအဝိုင်းက အမြန်ဆုံးပြုလုပ်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။"*

အေအေပီပီ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်မှလည်း အောက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားသည်။

*"လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အေအေပီပီဟာ မြန်မာစစ်တပ်ရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စောင့်ကြည့်လေ့လာနေပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများစွာကို မှတ်တမ်းပြုစုနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီလို ချိုးဖောက်မှုတွေကို လူ့အခွင့်အရေးချိုးဖောက်မှုတွေဆိုပြီး ခေါ်နေရုံနဲ့ မလုံလောက်တော့ပါဘူး။ စစ်တပ်ဟာ အဆိုးရွားဆုံး နိုင်ငံတကာရာဇဝတ်မှုများဖြစ်တဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့၊ ကျူးလွန်နေဆဲပါ။ အခုအချိန်ဟာ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) နဲ့ အခြားဖြစ်နိုင်တဲ့ ယန္တရားများအားလုံးမှတဆင့် စစ်တပ်ကို အရေးယူဖို့ အချိန်ကျရောက်နေပြီ ဖြစ်ပါတယ်။"*

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (က) - သတ်ဖြတ်ခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကုဒ်အမည်များ

အောက်ပါဇယားတွင် ဖော်ပြထားသော ဝေါဟာရအသုံးအနှုန်းများသည် နိုင်ငံတစ်ဝှမ်းရှိ အရပ်သားပြည်သူများအပေါ် စစ်တပ်မှ ကျင့်သုံးခဲ့သော သတ်ဖြတ်နည်းများ ဖြစ်ပါသည်။ ကုဒ်အမည်များသည် စစ်တပ်၏ အကြမ်းဖက်နည်းများကို ကိုယ်တိုင်တွေ့ကြုံခဲ့ရမှု အပေါ် အခြေခံ၍ တွေ့ဆုံမေးမြန်းခဲ့သူများကို အုပ်စုခွဲ ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။ အေအေပီပီ၏ သတင်းအချက်အလက် လုံခြုံရေးမူဝါဒအရ တွေ့ဆုံမေးမြန်းခဲ့သူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ရန်အတွက် ဤအစီရင်ခံစာတွင် ကုဒ်အမည်များကို အသုံးပြုထားသည်။[35]

| သတ်ဖြတ်မှုပုံစံ | ဖော်ပြချက် |
|---|---|
| လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | စစ်တပ်သည် ၎င်း၏ ထိုးစစ်ဆင်မှုတွင် လက်နက်ကြီးမျိုးစုံကို အသုံးပြုမှုများကြောင့် ဥပမာ - ကျေးရွာများကို ပစ်ခတ်သည့်အခါ အရပ်သားပြည်သူများ သေဆုံးကြသည်။ |
| လေကြောင်းဖြင့်တိုက်ခိုက်ခြင်း | စစ်တပ်သည် ဂျက်တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို အသုံးပြုပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သောကြောင့် အရပ်သားပြည်သူများ သေဆုံးကြသည်။ |
| သေဒဏ်ပေးခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို သေဒဏ်ပေးခဲ့သည်။ မအောင်မြင်သော အာဏာသိမ်းမှု မတိုင်မီက မြန်မာနိုင်ငံတွင် သေဒဏ်ကို မကျင့်သုံးသည်မှာ ဆယ်စုနှစ်သုံးခုကျော်ရှိပြီ ဖြစ်သည်။ |
| ဖမ်းဆီးထိန်းသိမ်းထားစဉ် သတ်ဖြတ်ခြင်း | စစ်တပ်က (စစ်သားများ၊ အရာရှိများ သို့မဟုတ် စစ်တပ်ထောက်ခံသူများ အပါအဝင်) မည်သူ့ကိုမဆို ပုံစံတစ်မျိုးမျိုးဖြင့် ဖမ်းဆီးထားစဉ် အင်အားသုံး၍လည်းကောင်း၊ လက်လွှန်၍လည်းကောင်း သတ်ဖြတ်ခြင်းကို ဆိုလိုသည်။ ဤအစီရင်ခံစာတွင် "ဖမ်းဆီးထိန်းသိမ်းထားစဉ် သတ်ဖြတ်ခြင်း" တွင် "ဓားစာခံ" သို့မဟုတ် "လူသားဒိုင်း" အဖြစ် ခေါ်ဆောင်သွားပြီးနောက် အသတ်ခံခဲ့ရသူများနှင့် "စစ်ကြောမေးမြန်းစဉ်" သို့မဟုတ် "အကျဉ်းထောင်" တွင် ထိန်းသိမ်းထားစဉ် အသတ်ခံရသူများ ပါဝင်ပါသည်။ |
| ဓားစာခံအဖြစ်ဖမ်းဆီးခြင်း | စစ်တပ်သည် အလိုရှိသောသူကို ရှာမတွေ့ပါက မိသားစုဝင်များ၊ ချစ်ခင်ရသူများ သို့မဟုတ် အခြားသူများကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။ |
| လူသားဒိုင်းအတွက်ဖမ်းဆီးခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီ ထောက်ခံသူများကို ဖမ်းဆီးခဲ့ပြီး စစ်တပ်အဖွဲ့ဝင်များကို တော်လှန်ရေးအဖွဲ့များ၏ တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်အတွက် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ |
| စစ်ကြောရေးတွင် နှိပ်စက်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို ဖမ်းဆီးပြီး စစ်ကြောရေးတွင် သေသည်အထိ နှိပ်စက်ခဲ့သည်။ |
| မြေမြှုပ်မိုင်းသုံးခြင်း | စစ်တပ်သည် မြေမြှုပ်မိုင်းများကို အသုံးပြု၍ အရပ်သားများ ထိခိုက်သေဆုံးမှုများ ဖြစ်စေသည်။ |
| အခြားနည်းလမ်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို အခြားနည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်သတ်ဖြတ်သည်။ |

[35] တွေ့ဆုံမေးမြန်းခဲ့သူ မည်သူမည်ဝါဖြစ်သည်ကို တင်းကျပ်စွာ လျှို့ဝှက်ထားခြင်းဖြင့်၊ ၎င်းနှင့် ၎င်း၏မိသားစုဝင်များနှင့် ဆွေမျိုးများကို စစ်တပ်နှင့် စစ်တပ်လိုလားသူများက အသက်အန္တရာယ် ခြိမ်းခြောက်သော လက်စားချေတုန့်ပြန်မှုများမှ အကာအကွယ်ပေးရန် အေအေပီပီသည် ကုဒ်နံပါတ်များကို အသုံးပြုသည်။

| | |
|---|---|
| အကျဉ်းထောင် | စစ်တပ်သည် နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်များကို ထိန်းသိမ်းရေးစခန်းများ သို့မဟုတ် စစ်ကြောရေးစခန်းများအဖြစ် အသုံးပြုကာ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆုံးရှုံးခြင်းကြောင့် အကျဉ်းသားများ သေဆုံးမှု ဖြစ်ပွားခဲ့သည်။ |
| မုဒိမ်းပြုကျင့်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို သတ်ဖြတ်ခြင်းနှင့်အတူ မုဒိမ်းကျင့်မှုများပါ လုပ်ဆောင်ခဲ့သည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် အသတ်မခံရမီ သို့မဟုတ် အသတ်ခံရပြီးနောက် မုဒိမ်းကျင့်ခံရသည်ဟု ဆိုလိုသည်။ |
| အရှင်လတ်လတ် မီးတင်ရှို့ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို ဖမ်းဆီးပြီးနောက် သူတို့ကို အသက်ရှင်လျက်ပင် မီးရှို့သတ်ခဲ့သည်။ |
| လူသေအလောင်းကို မီးရှို့ဖျောက်ဖျက်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို သတ်ဖြတ်ပြီး၊ သူတို့၏ အလောင်းများကို မီးရှို့ဖျက်ဆီးပြီး ဖျောက်ဖျက်ခဲ့သည်။ |
| ပစ်သတ်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ |
| ခေါင်းကိုပစ်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများ၏ ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ |
| ကားဖြင့်တိုက်ခြင်း | စစ်တပ်သည် အရပ်သားများနှင့် ဒီမိုကရေစီထောက်ခံသူများကို မော်တော်ကားများဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်သတ်ခဲ့သည်။ |
| **ကုဒ်အမည်** | **အဓိပ္ပါယ်ဖွင့်ဆိုခြင်း** |
| S-00 | "S" သည် စစ်တပ်က ဖမ်းဆီးပြီးနောက် လွတ်မြောက်လာသူများကို ရည်ညွှန်းသည်။ |
| R-00 | "R" သည် စစ်တပ်က မုဒိမ်းပြုကျင့်ခံရသော သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံခဲ့ရသူများကို ရည်ညွှန်းသည်။ |
| P-00 | "P" သည် စစ်တပ်က ၎င်းတို့၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းခဲ့သော အရပ်သားများကို ရည်ညွှန်းသည်။ |

**နောက်ဆက်တွဲ (ခ) - လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းမှုစာရင်း**

| ကုဒ်နံပါတ် | ကျား/မ | အသက် | ဖမ်းဆီးထိန်းသိမ်းခံရသည့် နေရာ | မေးမြန်းသည့် ရက်စွဲ |
|---|---|---|---|---|
| S-01 | ကျား | ၃၀ | မြို့နယ်ရဲစခန်း၊ ရွှေပြည်သာနှင့် ရေကြည်အိုင် စစ်တပ် စစ်ကြောရေး၊ ရန်ကုန်မြို့ | ၉ ဇွန်လ၊ ၂၀၂၂ |
| S-02 / R-01 | ကျား | ၂၂ | မြို့နယ်ရဲစခန်းနှင့် ရွှေပြည်သာ စစ်တပ် စစ်ကြောရေး၊ ရန်ကုန် | ၁၀ ဇွန်လ၊ ၂၀၂၂ |
| S-03 | ကျား | ၂၄ | စစ်တပ် တန်းလျား၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၁၂ ဧပြီလ၊ ၂၀၂၂ |
| S-04 | ကျား | ၂၁ | မကွေးထောင်၊ မကွေးတိုင်းဒေသကြီး | ၁၈ ဖေဖော်ဝါရီလ၊ ၂၀၂၂ |
| S-05 | ကျား | ၂၉ | မကွေးထောင်၊ မကွေးတိုင်းဒေသကြီး | ၁၃ မတ်လ၊ ၂၀၂၂ |
| S-06 | မ | ၃၈ | ရွှေပြည်သာစစ်ကြောရေးစခန်း၊ ရန်ကုန်မြို့ | ၉ မေလ၊ ၂၀၂၂ |
| S-07 | မ | ၃၄ | အင်းစိန်ထောင်၊ ရန်ကုန်မြို့ | ၁၀ မေလ၊ ၂၀၂၂ |
| S-08 | ကျား | ၃၉ | ရေကြည်အိုင် စစ်ကြောရေး၊ ရန်ကုန်မြို့ | ၂၅ မတ်လ၊ ၂၀၂၂ |
| S-09 | ကျား | ၂၉ | ရွှေပြည်သာနှင့် ရေကြည်အိုင်စစ်ကြောရေး၊ ရန်ကုန်မြို့ | ၁၃ မတ်လ၊ ၂၀၂၂ |
| S-10 | မ | ၄၁ | ရေကြည်အိုင်စစ်ကြောရေး၊ ရန်ကုန် | ၂၈ စက်တင်ဘာလ၊ ၂၀၂၂ |
| S-11 | မ | ၃၄ | ရဲစခန်း၊ ဘားအံ၊ ကရင်ပြည်နယ် | ၂၄ ဇွန်လ၊ ၂၀၂၂ |
| S-12 | ကျား | ၄၆ | မြောင်းမြထောင်၊ ဧရာဝတီတိုင်းဒေသကြီး | ၁၃ စက်တင်ဘာလ ၂၀၂၂ |
| S-13 | ကျား | ၂၄ | အိုးဘိုထောင်၊ မန္တလေးတိုင်းဒေသကြီး | ၂၂ ဇူလိုင်လ ၂၀၂၂ |
| S-14 | ကျား | - | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ် | ၂၈ အောက်တိုဘာလ ၂၀၂၂ |
| S-15 | မ | ၄၀ | ရဲစခန်းနှင့် အင်းစိန်ထောင် ရန်ကုန်မြို့ | ၂၅ အောက်တိုဘာလ ၂၀၂၂ |
| S-16 | မ | - | ရဲစခန်း၊ ထောင်၊ ဘားအံ၊ ကရင်ပြည်နယ် | ၂၄ အောက်တိုဘာလ ၂၀၂၂ |
| S-17 | ကျား | - | စစ်တပ် စစ်ကြောရေးစခန်း၊ နေပြည်တော် | ၁ နိုဝင်ဘာလ ၂၀၂၂ |
| R-02 | ကျား | ၃၀ | စစ်တပ် စစ်ကြောရေးစခန်း၊ ရန်ကုန် | ၂၂ ဒီဇင်ဘာလ ၂၀၂၂ |

*လျှို့ဝှက်ချက်များကို တင်းကျပ်စွာ ထိန်းသိမ်းရန် လိုအပ်ချက်အပါအဝင် အချက်အလက်လုံခြုံရေးမူဝါဒအရ အေအေပီပီသည် အင်တာဗျူးဖြေဆိုသူတိုင်း၏ ကိုယ်ရေး အချက်အလက်များကိုကာကွယ်ရန်နှင့် ဖြေဆိုသူများ၊ ၎င်းတို့၏မိသားစုများနှင့် ဆွေမျိုးများ ဖမ်းဆီးနှိပ်စက်ညှဉ်းပန်းမှု ဖြစ်နိုင်ချေရှိသော စစ်တပ်၏လုပ်ရပ်များကို ရှောင်ရှားရန် ကုဒ်အမည်များကို အသုံးပြုထားပါသည်။ ကုဒ်အမည်တစ်ခုစီ (ဥပမာ၊ "S-01") သည် စစ်တပ်၏ စစ်ကြောရေးစခန်းများ၊ ရဲစခန်းများနှင့် အကျဉ်းထောင်များကဲ့သို့သော နေရာများတွင် ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသော အင်တာဗျူးဖြေဆိုသူတစ်ဦးကို ရည်ညွှန်းပါသည်။

**နောက်ဆက်တွဲ (ဂ) - ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရသူနှင့် တွေ့ဆုံမေးမြန်းမှု စာရင်း**

| ကုဒ်နံပါတ်* | ကျား/မ | သိမ်းဆည်းခံရမှု အမျိုးအစား | အင်တာဗျူးသည့်ရက်စွဲ | သိမ်းယူခဲ့သောနေရာ |
|---|---|---|---|---|
| P-01 | ကျား | နေအိမ် ၁ နှင့် ခြံဝိုင်း | ၁၂ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-02 | မ | နေအိမ် ၂ နှင့် ခြံဝိုင်း | ၁၈ မေလ၊ ၂၀၂၂ | ပဲခူးတိုင်း |
| P-03 | ကျား | ဈေးဆိုင် ၁ | ၀၈ မတ်လ၊ ၂၀၂၂ | မန္တလေးတိုင်း |
| P-04 | ကျား | နေအိမ် ၁ | ၁၆ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-05 | မ | ကွန်ဒိုတိုက်ခန်း ၁ | ၀၆ ဇူလိုင်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-06 | မ | နေအိမ် ၁ | ၂၂ ဇူလိုင်လ၊ ၂၀၂၂ | မကွေးတိုင်း |
| P-07 | မ | နေအိမ် ၁ | ၂၉ စက်တင်ဘာလ၊ ၂၀၂၂ | ဧရာဝတီတိုင်း |
| P-08 | မ | နေအိမ် ၁ | ၂၂ ဇူလိုင်လ၊ ၂၀၂၂ | မကွေးတိုင်း |
| P-09 | ကျား | နေအိမ် ၁ | ၂၈ မတ်လ၊ ၂၀၂၂ | မန္တလေးတိုင်း |
| P-10 | ကျား | နေအိမ် ၁ | ၂၈ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-11 | မ | နေအိမ် ၁ | ၁၃ စက်တင်ဘာလ၊ ၂၀၂၂ | မကွေးတိုင်း |
| P-12 | ကျား | နေအိမ် ၁ | ၁၈ မေလ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-13 | ကျား | နေအိမ် ၁ | ၀၈ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-14 | ကျား | နေအိမ် ၁ | ၂၂ ဇူလိုင်လ၊ ၂၀၂၂ | မကွေးတိုင်း |
| P-15 | မ | နေအိမ် ၁ နှင့် လုပ်ငန်း | ၁၆ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-16 | မ | နေအိမ် ၁ | ၀၉ ဧပြီလ၊၂၀၂၂ | ရန်ကုန်တိုင်း |
| P-17 | ကျား | နေအိမ် ၁ | ၁၈ မေလ၊ ၂၀၂၂ | မန္တလေးတိုင်း |
| P-18 | ကျား | နေအိမ် ၂ နှင့် လုပ်ငန်း | ၀၈ မတ်လ၊ ၂၀၂၂ | ရန်ကုန်တိုင်း |
| P-19 | ကျား | နေအိမ် ၁ | ၂၈ စက်တင်ဘာလ၊ ၂၀၂၂ | မန္တလေးတိုင်း |
| P-20 | မ | နေအိမ် ၂ | ၂၈ စက်တင်ဘာလ၊ ၂၀၂၂ | ရန်ကုန်တိုင်း |

*လျှို့ဝှက်ချက်များကို တင်းကျပ်စွာ ထိန်းသိမ်းရန် လိုအပ်ချက်အပါအဝင် အချက်အလက်လုံခြုံရေးမူဝါဒအရ အေအေပီပီသည် အင်တာဗျူးဖြေဆိုသူတိုင်း၏ ကိုယ်ရေး အချက်အလက်များကိုကာကွယ်ရန်နှင့် ဖြေဆိုသူများ၊ ၎င်းတို့၏မိသားစုများနှင့် ဆွေမျိုးများ ဖမ်းဆီးနှိပ်စက်ညှဉ်းပန်းမှု ဖြစ်နိုင်ချေရှိသော စစ်တပ်၏လုပ်ရပ်များကို ရှောင်ရှားရန် ကုဒ်အမည်များကိုအသုံးပြုထားပါသည်။ ကုဒ်အမည် တစ်ခုစီ (ဥပမာ၊ "P-01") သည် နိုင်ငံတစ်ဝှမ်းရှိ စစ်တပ် သို့မဟုတ် ၎င်း၏လက်နက်ကိုင် တပ်ဖွဲ့ခွဲများ၏ ပိုင်ဆိုင်မှုများကို မတရားသိမ်းဆည်းခြင်းခံခဲ့ရသူတစ်ဦးကို ကိုယ်စားပြုသည်။

## နောက်ဆက်တွဲ (ဃ) - လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုဆိုင်ရာ လက္ခဏာရပ်များ

ရောမစာချုပ်အောက်တွင် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအဖြစ် သတ်မှတ်ရန်အတွက် စစ်တပ်သည် အရပ်သားများကို ဦးတည်ပစ်မှတ်ထားပြီး ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ ကျူးလွန်သော တိုက်ခိုက်မှုဖြစ်ရမည်။ ကျူးလွန်သူသည် ထိုတိုက်ခိုက်မှုကို သိရှိနားလည်ခြင်း သို့မဟုတ် ထပ်မံတိုက်ခံမှု ကျူးလွန်ရန် ရည်ရွယ်ချက် ရှိရမည်။[36] လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုဆိုင်ရာ လက္ခဏာရပ်များနှင့်ပတ်သက်သော ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် အကျဉ်းချုပ်ကို အောက်တွင်ထည့်သွင်းထားပါသည်။[37]

## ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု

"ကျယ်ကျယ်ပြန့်ပြန့်" ဆိုသည်မှာ "ကျယ်ပြန့်သော နေရာဒေသတစ်ခု သို့မဟုတ် သေးငယ်သော နေရာဒေသတစ်ခုဖြစ်သည့်တိုင် အရပ်သားအများအပြားကို ဦးတည်သော တိုက်ခိုက်မှု" ဖြစ်ပြီး၊ သီးခြားဖြစ်ပွားသော အကြမ်းဖက်မှုများ မပါဝင်ပါ။[38] "ကျယ်ကျယ်ပြန့်ပြန့်ဆိုသည်မှာ လူအရေအတွက် အများအပြားကို ပစ်မှတ်ထားပြီး ကြီးမားသောတိုက်ခိုက်မှု သဘောသဘာဝကို ရည်ညွှန်းပါသည်။ "စနစ်တကျ" ဆိုသည်မှာ "အကြမ်းဖက်မှုသည် စနစ်တကျ ပြင်ဆင်ထားသော သဘာဝရှိပြီး၊ မတော်တဆ တိုက်ဆိုင်မှုမျိုး မဟုတ်ခြင်းကို ရည်ညွှန်းပါသည်။ [39]

ထို့အပြင် စနစ်တကျ ဆိုသည်မှာ မတောတဆမဟုတ်ဘဲ ကြိမ်ဖန်များစွာ ဖြစ်ပွားသော တူညီသော "ရာဇဝတ်မှုပုံသဏ္ဍာန်များ" ကို ရည်ညွှန်းခြင်း သို့မဟုတ် မူဝါဒတစ်ခုတည်းကို စဉ်ဆက်မပြတ် ဖော်ဆောင်ရန် ကြံစည်ထားသော အစီအစဉ်တစ်ခုသည် ပုံမှန်ဖြစ်ပွားနေသော ပုံသဏ္ဍာန်ရှိပြီး ဆက်တိုက် ကျူးလွန်မှုများကို ဖြစ်ပေါ်စေသည်ဟု ရည်ညွှန်းခြင်း ဖြစ်သည်။[40]

## အရပ်သားကို ဦးတည်ပစ်မှတ်ထားသော

ရောမစာချုပ် ပုဒ်မ ၇ (၂)(က) အရ "အရပ်သားကို ဦးတည်ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဆိုသည်မှာ အပိုဒ် ၁ တွင် ဖော်ပြထားသည့် မည်သည့်အရပ်သားကိုမဆို ဦးတည်လျက် ကြိမ်ဖန်များစွာ ကျူးလွန်ရန် ညွှန်ကြားလုပ်ဆောင်သော တိုက်ခိုက်မှုဖြစ်ပြီး၊ နိုင်ငံတော် သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ မူဝါဒအတိုင်း အဆိုပါတိုက်ခိုက်မှု ကျူးလွန်ခြင်းကို ဆိုလိုသည်။[41] အရပ်သား ဆိုသည်မှာ လက်နက်ကိုင်တပ်ဖွဲ့ဝင် သို့မဟုတ် တိုက်ပွဲဝင်သူ မဟုတ်သော မည်သူမဆို ဖြစ်သည်။[42] အရပ်သားလူထုဆိုသည်မှာ အရပ်သားတစ်ဦးချင်းထက် "စုပေါင်းထားသော" လူဦးရေတစ်ခုကို ဆိုလိုသည်။ ထိုပြည်သူထဲတွင် အရပ်သားမဟုတ်သူများပါရှိနေခြင်းကြောင့် အရပ်သားအသွင်လက္ခဏာကို ဖယ်ရှားရန် မလိုအပ်ပါ။[43] ထိုကဲ့သို့ အခြေအနေများတွင် တိုက်ခိုက်မှုသည် အရပ်သားပြည်သူအပေါ် ဖြစ်ရမည်ဆိုသော လိုအပ်ချက်နှင့် ကိုက်ညီမှုရှိမရှိဆုံးဖြတ်ရန် တရားရုံးကအကြောင်းအချက်တချို့ကို ထည့်သွင်းစဉ်းစားပါလိမ့်မည်။[44] "ဦးတည်ပစ်မှတ်ထားသော" ဆိုသည်မှာ အရပ်သားပြည်သူကို အဓိကပစ်မှတ်ထားရမည်ဖြစ်ပြီး၊ မတော်တဆ

[36] Rome Statute of the International Criminal Court, art. 7(1), July 17, 1998, U.N. Doc. A/CONF.183/9, 2187 U.N.T.S. 90 [hereinafter Rome Statute].

[37] Definitions of these terms were also included in အေအေပီပီ's July 2022 report *Accountability for the Junta Criminals*, *supra* note 14.

[38] Prosecutor v. Katanga, Case No. ICC-01/04-01/07, Decision on the Confirmation of the Charges, paras. 394-95 (September 30, 2008).

[39] Prosecutor v. Harun and Abd-Al-Rahman, Case No. ICC-02/05-01/07, Decision on the Prosecution Application under Article 58(7) of the Statute, para. 62 (Apr. 27, 2007) (internal quotations omitted); *see* Prosecutor v. Blaškić, Case No. IT-95-14-T, Judgement, para. 206 (International Criminal Tribunal for the Former Yugoslavia, Mar. 3, 2000) (describing widespread as being "directed against a multiplicity of victims" or being defined "by the cumulative effect of a series of inhumane acts or the singular effect of an inhumane act of extraordinary magnitude") (internal quotations omitted).

[40] Katanga, *supra* note 38, para. 397.

[41] Rome Statute, *supra* note 36, art. 7(2)(a).

[42] Prosecutor v. Stanišić and Simatović, Case No. IT-03-69-T, Judgement, para. 965 (International Criminal Tribunal for the former Yugoslavia, May 30, 2013).

[43] Prosecutor v. Bemba, Case No. ICC-01/05-01/08, Judgment pursuant to Article 74 of the Statute, para. 153 (March 21, 2016).

[44] *Id.* ("Where an attack is carried out in an area containing both civilians and non-civilians, factors relevant to determining whether an attack was directed against a civilian population include the means and methods used in the course of the attack, the status of the victims, their number, the discriminatory nature of the attack, the nature of the crimes committed in its course, the form of resistance to the assailants at the time of the attack, and the extent to which the attacking force complied with the precautionary requirements of the laws of war.").

တိုက်ခိုက်မှုပစ်မှတ်ဖြစ်သွားခြင်းမျိုး မဖြစ်ရပါ။[45] ထူးခြားသည်မှာ ထိခိုက်နစ်နာသူများသည် အရပ်သားဖြစ်ရမည်ဟု သတ်မှတ်ချက် မရှိခြင်း ဖြစ်သည်။[46]

### ကျူးလွန်သူ၏ သိလျက်နှင့် တိုက်ခိုက်မှု

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် စိတ်ပိုင်းဆိုင်ရာအချင်းအရာမှာ ထိုလုပ်ရပ်သည် အရပ်သားအပေါ် ဦးတည်ပစ်မှတ်ထားပြီး၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်သောလုပ်ရပ် သို့မဟုတ် ထိုသို့ ကျူးလွန်မှု၏ အစိတ်အပိုင်းအဖြစ် ရည်ရွယ်ထားသည်ကို ကျူးလွန်သူက သိရှိထားခြင်း ဖြစ်သည်။ သို့သော် ကျူးလွန်သူသည် တိုက်ခိုက်မှု အသေးစိတ်ကိုသိရှိရန် မလိုအပ်ပါ။[47] "သိရှိမှု" ကို ရောမစာချုပ် ပုဒ်မ ၃၀ တွင် "အခြေအနေတစ်ရပ် တည်ရှိနေသည် သို့မဟုတ် ဖြစ်ရပ်များဖြစ်ပွားမှု ပုံမှန်လမ်းကြောင်းပေါ်တွင် အကျိုးဆက်တစ်ခု ဖြစ်ပေါ်လာမည်ကို သိရှိနားလည်နေခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။[48]

### *ဤအစီရင်ခံစာတွင် ဖော်ပြထားသော စစ်တပ်၏ ရာဇဝတ်မှုများ*

ဤအစီရင်ခံစာသည် ရောမစာချုပ် ပုဒ်မ ၇(၁) ၏ ပုဒ်မခွဲများ အောက်တွင် စစ်တပ်နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော ပြစ်မှုများကို ဖော်ပြထားပါသည်။

(က) လူသတ်မှု၊

(င) ဖမ်းဆီးအကျဉ်းချမှု၊ သို့မဟုတ် အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုပြင်းထန်စွာဆုံးရှုံးစေမှု၊

(စ) ညှဉ်းပန်းနှိပ်စက်မှု၊

(ဆ) မုဒိမ်းမှု၊ လိင်ကျွန်ပြုမှု၊ အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းမှု၊ အတင်းအဓမ္မ ကိုယ်ဝန်ဆောင်ခိုင်းမှု၊ အတင်းအဓမ္မသားကြောဖြတ်မှု သို့မဟုတ် အလားတူ ဆိုးရွားသော အခြားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဇ) အပိုဒ် ၃ တွင် သတ်မှတ်ထားသည့် နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ကျား/မ နှင့်ပတ်သက်သော သီးခြားဝိသေသလက္ခဏာ ရှိသောအုပ်စု သို့မဟုတ် အစုအဖွဲ့ကို၊ သို့မဟုတ် ဤစာပိုဒ်တွင် ညွှန်းဆိုသော မည်သည့်လုပ်ရပ်မဆို သို့မဟုတ် ဤခုံရုံး၏ စီရင်ပိုင်ခွင့်ရှိသော မည်သည့်ပြစ်မှုမဆိုနှင့် ဆက်နွယ်သော နိုင်ငံတကာဥပဒေအရ ခွင့်မပြုနိုင်ဟု လူတိုင်းက လက်ခံအသိအမှတ် ပြုထားသော အခြားအကြောင်းများကို အခြေခံ၍ အကြမ်းဖက်ဖိနှိပ်ရက်စက်မှု၊

အထက်ဖော်ပြပါ ရာဇဝတ်မှုများ၏ အခြင်းအရာများကို အောက်တွင်ဖော်ပြထားပါသည်။

### လူသတ်မှု

ပုဒ်မ ၇(၁)(က) အရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် လူသတ်ရာဇဝတ်မှုသည် အောက်ပါအချက်များနှင့် ကိုက်ညီရန် လိုအပ်သည်။

၁။ ကျူးလွန်သူသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူများကို သတ်ဖြတ်သည်။

၂။ ထိုပြစ်မှုကို အရပ်သားများအပေါ် ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်းဖြစ်သည်။

[45] *Id.* para. 154.
[46] *Id.* para. 156.
[47] INTERNATIONAL CRIMINAL COURT, ELEMENTS OF CRIMES, art. 7 no. 2 (2013) [hereinafter ELEMENTS OF CRIMES] ("[T]he last element should not be interpreted as requiring proof that the perpetrator had knowledge of all characteristics of the attack or the precise details of the plan or policy of the State or organization. In the case of an emerging widespread or systematic attack against a civilian population, the intent clause of the last element indicates that this mental element is satisfied if the perpetrator intended to further such an attack.").
[48] Rome Statute, *supra* note 36, art. 30(3).

၃။ အရပ်သားကို ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် သို့မဟုတ် တိုက်ခိုက်မှုလုပ်ဆောင်ရန် ရည်ရွယ်သည်ကို ပြစ်မှုကျူးလွန်သူသည် သိရှိခဲ့သည်။[49]

**ဖမ်းဆီးအကျဉ်းချမှု၊ သို့မဟုတ် အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုပြင်းထန်စွာဆုံးရှုံးစေမှု**

ပုဒ်မ ၇ (၁)(င) အရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ဖမ်းဆီးအကျဉ်းချမှု ရာဇဝတ်မှု သို့မဟုတ် အခြားရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို ပြင်းထန်စွာဆုံးရှုံးခြင်းတွင် အောက်ပါအချက်များနှင့် ကိုက်ညီရန်လိုအပ်သည်။

၁။ ပြစ်မှုကျူးလွန်သူသည် လူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများကို ဖမ်းဆီးအကျဉ်းချခြင်း သို့မဟုတ် တစ်နည်းအားဖြင့် လူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများ၏ ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှု ပြင်းထန်စွာဆုံးရှုံးစေရန် လုပ်ဆောင်ခဲ့သည်။

၂။ အဆိုပါလုပ်ရပ်၏ ပြင်းထန်မှုသည် နိုင်ငံတကာဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

၃။ ပြစ်မှုကျူးလွန်သူသည် အဆိုပါလုပ်ရပ်က ပြင်းထန်မှု ဖြစ်ပေါ်စေမည်ကို အခြေအနေမှန် သိရှိနားလည်ထားခဲ့သည်။

၄။ အဆိုပါပြစ်မှုသည် အရပ်သားများကို ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

၅။ အရပ်သားကို ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် သို့မဟုတ် တိုက်ခိုက်မှုလုပ်ဆောင်ရန် ရည်ရွယ်သည်ကို ပြစ်မှု ကျူးလွန်သူသည် သိရှိခဲ့သည်။[50]

**ညှဉ်းပန်းနှိပ်စက်မှု**

ပုဒ်မ ၇(၁)(စ) အရ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ရာဇဝတ်မှုသည် အောက်ပါအချက်များ လိုအပ်ပါသည်။

၁။ ပြစ်မှုကျူးလွန်သူသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူတစ်ဦးအပေါ် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်စေမှု သို့မဟုတ် ဆင်းရဲဒုက္ခရောက်စေရန် လုပ်ဆောင်သည်။

၂။ ထိုပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များသည် အချုပ်ထဲတွင် သို့မဟုတ် ကျူးလွန်သူ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။

၃။ ထိုသို့သော နာကျင်ခြင်း သို့မဟုတ် ဆင်းရဲဒုက္ခသည် ဥပဒေအရအပြစ်ပေးမှု သို့မဟုတ် ယင်း၏အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ရပါ။

၄။ အဆိုပါပြစ်မှုသည် အရပ်သားများကို ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

၅။ အရပ်သားကို ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် သို့မဟုတ် တိုက်ခိုက်မှုလုပ်ဆောင်ရန် ရည်ရွယ်သည်ကို ပြစ်မှု ကျူးလွန်သူသည် သိရှိခဲ့သည်။[51]

**မုဒိမ်းမှု**

ပုဒ်မ ၇(၁)(ဆ) အရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်မုဒိမ်းမှု ရာဇဝတ်မှုသည် အောက်ပါအချက်များ လိုအပ်ပါသည်။

---

[49] ELEMENTS OF CRIMES, *supra* note 47, art. 7(1)(a).
[50] *Id.* art. 7(1)(e).
[51] *Id.* art. 7(1)(f).

၁။ ပြစ်မှုကျူးလွန်သူသည် ၎င်း၏ လိင်အင်္ဂါဖြင့်ဖြစ်စေ၊ မည်သည့်အရာဝတ္ထုပစ္စည်းဖြင့်ဖြစ်စေ၊ ကျူးလွန်ခံရသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအတွင်းသို့ ဝင်သည်ဆိုရုံမျှ ဆိုသော်ငြား၊ ထိုးဖောက်ဝင်ရောက်ခြင်းကို ပြီးမြောက်စေသော လူတဦး၏ ခန္ဓာကိုယ်အတွင်းသို့ သွင်းဝင်စေသည့် လုပ်ရပ်ဖြစ်သည်။

၂။ ထိုသို့ ထိုးသွင်းစေခြင်းကို အတင်းအဓမ္မဖြစ်စေ၊ အင်အားသုံး သို့မဟုတ် ဖိအားပေး ခြိမ်းခြောက်၍ဖြစ်စေ၊ အကျူးလွန်ခံရသူ သို့မဟုတ် အခြားသူတစ်ဦးအပေါ် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ခြင်း သို့မဟုတ် အာဏာအလွဲသုံးစားလုပ်ခြင်း၊ ခြိမ်းခြောက်အနိုင်ကျင့်ခံရသော ဝန်းကျင်အခြေအနေကို အခွင့်ကောင်းယူ၍ဖြစ်စေ၊ သို့မဟုတ် ကျူးလွန်ခံရသူက ၎င်း၏သဘောတူခွင့်ပြုချက်ကို မပေးစွမ်းနိုင်သော အခြေအနေတွင် ကျူးလွန်ခြင်း ဖြစ်သည်။

၃။ အဆိုပါပြစ်မှုသည် အရပ်သားများကို ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

၄။ အရပ်သားကို ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် သို့မဟုတ် တိုက်ခိုက်မှုလုပ်ဆောင်ရန် ရည်ရွယ်သည်ကို ပြစ်မှုကျူးလွန်သူသည် သိရှိခဲ့သည်။[52]

**ဖိနှိပ်ရက်စက်မှု**

ပုဒ်မ ၇(၁)(ဇ) အရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ဖိနှိပ်ရက်စက်မှုဆိုင်ရာ ရာဇဝတ်မှုတွင် အောက်ပါအချက်များ လိုအပ်သည်။

၁။ ပြစ်မှုကျူးလွန်သူသည် နိုင်ငံတကာဥပဒေနှင့် ဆန့်ကျင်လျက် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ အခြေခံအခွင့်အရေးများကို ပြင်းထန်စွာ ဆုံးရှုံးခဲ့သည်။

၂။ ပြစ်မှုကျူးလွန်သူသည် ထိုလူပုဂ္ဂိုလ် သို့မဟုတ် လူပုဂ္ဂိုလ်အများကို အုပ်စုတစ်ခု သို့မဟုတ် တစုတဝေးလုံး၏ သီးခြားဝိသေသလက္ခဏာကို အကြောင်းပြု၍ ပစ်မှတ်ထား၍ဖြစ်စေ၊ ထိုအုပ်စု သို့မဟုတ် အစုအဝေးကို ပစ်မှတ်ထားကျူးလွန်သည်။

၃။ ထိုသို့ပစ်မှတ်ထားမှုသည် ဤစာချုပ်၏ ပုဒ်မ ၇၊ အပိုဒ် ၃ တွင် ဖော်ပြထားသော နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ကျား/မ သို့မဟုတ် နိုင်ငံတကာဥပဒေအရ ခွင့်မပြုနိုင်ဟု လူတိုင်းက အသိအမှတ်ပြုထားသော အခြားသော အကြောင်းပြချက်များအပေါ် အခြေခံထားသည်။

၄။ ထိုလုပ်ရပ်သည် ဤစာချုပ်၏ ပုဒ်မ ၇၊ အပိုဒ် ၁ တွင်ရည်ညွှန်းထားသော မည်သည့်လုပ်ရပ်နှင့်ဆက်စပ်၍ဖြစ်စေ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျူးလွန်သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

၅။ အဆိုပါပြစ်မှုသည် အရပ်သားများကို ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

၆။ အရပ်သားကို ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု အစိတ်အပိုင်းအဖြစ် သို့မဟုတ် တိုက်ခိုက်မှုလုပ်ဆောင်ရန် ရည်ရွယ်သည်ကို ပြစ်မှု ကျူးလွန်သူသည် သိရှိခဲ့သည်။[53]

[52] *Id.* art. 7(1)(g).
[53] *Id.* art. 7(1)(h).

**နောက်ဆက်တွဲ (c) - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ**

အောက်ပါဇယားတွင် သူတို့ကိုယ်သူတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟုဆိုသော အဖွဲ့ဝင်များ၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စာရင်းကို ဖော်ပြထားသည်။

| အမည် | စစ်တပ်ရာထူး သို့မဟုတ် နိုင်ငံရေး အဖွဲ့အစည်းတွင်ပါဝင်မှု | စစ်တပ် ရာထူးများ | ဓါတ်ပုံများ |
|---|---|---|---|
| **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းထားသော စစ်တပ် အဖွဲ့ဝင်များ[54]** | | | |
| မင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ဦးစီးချုပ် | ဥက္ကဋ္ဌ |  |
| စိုးဝင်း | ဒုတိယဗိုလ်ချုပ်မှူးကြီး၊ ဒုစစ်ဦးစီးချုပ် | ဒုဥက္ကဋ္ဌ |  |
| မြထွန်းဦး | ဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |
| တင်အောင်ဆန်း | ရေတပ်ဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |
| မောင်မောင်ကျော် | ဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |
| မိုးမြင့်ထွန်း | ဒုတိယဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |
| အောင်လင်းဒွေး | ဒုတိယဗိုလ်ချုပ်ကြီး | အတွင်းရေးမှူး |  |

[54] *Office of Commander-in-Chief of Defence Services Order No. 9/2021*, GLOB. NEW LIGHT OF MYAN., Vol. VII, No. 293, at 3 (Feb. 3, 2021), https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-02-03-red.pdf.

| | | | |
|---|---|---|---|
| ရဲဝင်းဦး | ဒုတိယ ဗိုလ်ချုပ်ကြီး | တွဲဖက်အတွင်းရေးမှူး |  |
| မန်းငြိမ်းမောင် | ကရင်ပြည်သူ့ပါတီ (KPP)၊ နိုင်ငံရေးသမား၊ | အဖွဲ့ဝင် |  |
| သိန်းညွန့် | အမျိုးသား ဒီမိုကရေစီပါတီသစ် (NNDP) ဥက္ကဋ္ဌ၊ နိုင်ငံရေးသမား | အဖွဲ့ဝင် |  |
| ခင်မောင်ဆွေ | အမျိုးသား ဒီမိုကရေစီ အင်အားစု (NDF) ဥက္ကဋ္ဌ၊ နိုင်ငံရေးသမား | အဖွဲ့ဝင် |  |
| **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့တွင် ဒုတိယအကြိမ် တိုးချဲ့ခဲ့သော စစ်တပ်အဖွဲ့ဝင်များ**[55] | | | |
| အေးနုစိန် | ရခိုင်အမျိုးသားပါတီ (ANP) ဒုဥက္ကဋ္ဌ၊ | အဖွဲ့ဝင် |  |
| Jeng Phang နော်တောင် | အရပ်သား | အဖွဲ့ဝင် |  |
| မောင်းဟာ | အရပ်သား | အဖွဲ့ဝင် |  |
| စိုင်းလုံးဆိုင် | နိုင်ငံရေးသမား | အဖွဲ့ဝင် |  |

[55] *State Administration Council Order No. 14/2021*, GLOB. NEW LIGHT OF MYAN., Vol. VII, No. 294, at 5 (Feb. 4, 2021), https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-02-04-red.pdf.

| | | | |
|---|---|---|---|
| စောဒန်နီယယ် | နိုင်ငံရေးသမား၊ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP)၊ | အဖွဲ့ဝင် |  |
| **၂၀၂၁ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် တတိယအကြိမ် တိုးချဲ့ခဲ့သော စစ်တပ် အဖွဲ့ဝင်[56]** | | | |
| ဗညားအောင်မိုး | မွန်အမျိုးသား ညီညွတ်ရေးပါတီ (MUP) အလုပ်အမှုဆောင်အဖွဲ့ဝင် | အဖွဲ့ဝင် |  |
| **၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စတုတ္ထအကြိမ် တိုးချဲ့ခဲ့သော စစ်တပ် အဖွဲ့ဝင်များ[57]** | | | |
| စိုးထွဋ် | ဒုတိယဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |
| ဦးရွှေကြိမ်း | နိုင်ငံရေးသမား | အဖွဲ့ဝင် |  |
| **၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပဥ္စမအကြိမ် တိုးချဲ့ခဲ့သော စစ်တပ်အဖွဲ့ဝင်[58]** | | | |
| ရာပြည့် | ဒုတိယဗိုလ်ချုပ်ကြီး | အဖွဲ့ဝင် |  |

*ဇယား ၁၂ - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ*

56 *State Administration Council Order No. 104/2021*, GLOB. NEW LIGHT OF MYAN., Vol. VII, No. 336, at 3 (Mar. 18, 2021), https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-03-18-red.pdf.

57 *State Administration Council Order No. 106/2021*, GLOB. NEW LIGHT OF MYAN., Vol. VII, No. 349, at 2 (Mar. 31, 2021), https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-03-31-red.pdf.

58 *State Administration Council Order No. 12/2022*, GLOB. NEW LIGHT OF MYAN., Vol. VIII, No. 296, at 6 (Feb. 9, 2022), https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2022-02-09-red.pdf.